၁၉၉၅ ခု အောက်တိုဘာလမှစတင်၍ အပတ်စဉ်ထုတ်ဝေသည်

# Voice of Burma

Published by Voice of Burma Information Group Issue No.817, June 5, 2011

APTO 502, 7-18-1 , Takinogawa , Kita-Ku, Tokyo 114-0023, JAPAN
Tel/Fax: 81 3-3949-3919, E-mail: sayarkway@yahoo.com , koko@gol.com

## အထက်လွှတ်တော်အမတ် ဂျွန်မက်ကိန်း၊ ဒေါ်အောင်ဆန်းစုကြည်နှင့်တွေ့ဆုံ

**VOA ၊ ဂျွန် ၂။** ။ မြန်မာနိုင်ငံမှာ ရောက်နေတဲ့ အမေရိကန်ပြည်ထောင်စု အရီဇိုးနားပြည်နယ် ဝါရင့်ရီပတ်ဘလီကန် အထက်လွှတ်တော်အမတ် John McCain ဟာ သူ့ရဲ့ ဒုတိယနေ့ခရီးစဉ်အတွင်း မြန်မာ့ဒီမိုကရေစီ ခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်နဲ့ သူမရဲ့ပါတီ NLD အပြင် တခြား နိုင်ငံရေးပါတီအဖွဲ့ဝင်တွေနဲ့ပါ တွေ့ဆုံခဲ့ ပါတယ်။အပြည့်အစုံကို ဒေါ်ခင်မျိုးသက်က တင်ပြပေးထားပါတယ်။

Mr.McCain ဟာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါတီကဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်တွေနဲ့အတူ CRPP ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီဝင်တွေနဲ့တွေ့ဆုံခဲ့ပါတယ်။ ဒီလိုတွေ့ဆုံတဲ့ခါမှာ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ရဲ့ နယ်စည်းရုံးရေးခရီးအတွက် လုံခြုံရေးအခြေအနေကို စိုးရိမ်ကြောင်း NLD ဒု-ဥက္ကဋ္ဌ ဦးတင်ဦးက ပြောကြားခဲ့တယ်လို့ NLD ပြောခွင့်ရ ဦးအုန်းကြိုင်ကပြောပါတယ်။

"အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူးက မကြာခင်မှာ နယ်ကိုစည်းရုံးရေးခရီးစဉ်တွေ သွားဖို့စိတ်ကူးနေတဲ့အကြောင်း၊ အထွေထွေအတွင်းရေးမှူးရဲ့လုံခြုံရေးကို အလွန်စိုးရိမ်နေကြတဲ့အကြောင်း၊ ပြည်သူတရပ်လုံးကလည်း ရင်ထဲမှာ သောကရောက်နေတဲ့အကြောင်း ဒီကိစ္စအတွက်၊ ကျနော်တို့ဘက်ကတော့ အထွေထွေ အတွင်းရေးမှူးရဲ့ လုံခြုံရေးဟာ တည်ဆဲအစိုးရအပေါ်မှာပဲ တာဝန်ရှိတယ်လို့ အလေးအနက်မှတ် ယူထားတဲ့အကြောင်း ပြောပါတယ်။

"အဖွဲ့ချုပ် တရားဝင် ဆက်လက်ရပ်တည်ဆောင်ရွက်နေတဲ့ကိစ္စ နဲ့ပတ်သက်လို့လည်း ပြောပါတယ်။ အခြေခံဥပဒေကို လက်မခံနိုင်တဲ့အတွက် တရားဝင်ထပ်မံပြီးတော့ မှတ်ပုံတင်တာမလုပ်ခဲ့ ပေမဲ့ မှတ်ပုံတင်ထားဆဲ တရားဝင်နိုင်ငံရေးပါတီအဖြစ် ဆက်လက်ပြီးတော့ စည်းရုံးရေးလုပ်ငန်းတွေကို ဆောင်ရွက်နေတယ်။ ပြည်သူတရပ်လုံးကလည်းတညီ တညွတ်တည်းဆက်လက်ပြီးထောက်ခံနေကြတယ်၊ အဲတော့ပြည်တွင်းမှာ တရားဝင်ရပ်တည်ပိုင်ခွင့်နဲ့ပတ်သက် ပြီးတော့ တရားဥပဒေလမ်းကြောင်းအရ နောက်ဆုံးအဆင့်အထိကြိုးပမ်းခဲ့ပြီးဖြစ်တယ်။ အဲဒီကလွန်သွားတဲ့အတွက်ကြောင့်ဘာမှမဖြစ်တဲ့တွက် ကုလသမဂ္ဂလူ့ အခွင့်အရေးကော်မရှင်ကို တင်ပြဖို့လည်းစီစဉ်ဆောင်ရွက်ဆဲဖြစ်ပါတယ်။"

အမေရိကန်သမ္မတ Barack Obama လက်ထက် မြန်မာနိုင်ငံအပေါ် အရေးယူဒဏ်ခတ်မှုနဲ့အတူ တိုက်ရိုက်ထိတွေ့ဆက်ဆံရေးမူဝါဒချမှတ်ခဲ့ပြီးတဲ့နောက် အမေရိကန်နိုင်ငံရေးလောကက အရေးအပါဆုံးသူတဦးဖြစ်တဲ့ရီပတ်ဘလီကန်အထက်လွှတ်တော်အမတ် Mr.McCain မက်ကိန်း မြန်မာနိုင်ငံရဲ့လက်ရှိအခြေအနေကို ဆန်းစစ်ဖို့လာရောက်ခဲ့တာပါ။

Mr.McCain ဟာ ကြာသပတေးနေ့မှာ နေ့လယ် ၁၂ နာရီကနေ ၁ နာရီခွဲအတွင်း တိုင်းရင်းသား ရခိုင်၊ ချင်း၊ ကချင်နဲ့ ရှိဟင်ဂျာအဖွဲ့တွေနဲ့အတူ ဒီမိုကရက်တစ်ပါတီ (မြန်မာ)၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ (NUP) နဲ့ အမျိုးသားဒီမိုကရေစီအင်အားစု (NDF) ပါတီတွေနဲ့တွေ့ဆုံခဲ့တယ်လို့ ဒီမိုကရက်တစ်ပါတီခေါင်းဆောင် ဦးသုဝေက ပြောပါတယ်။

"တွေ့ဆုံဆွေးနွေးရေး ဖြစ်မြောက်ရေးအတွက် ကောင်းတဲ့ရည်ရွယ်ချက်နဲ့ သူလာတဲ့အကြောင်း၊ အကျဉ်းသားတွေ လွတ်မြောက်ရေးအတွက်တို့၊ နိုင်ငံတကာမှာ ရောက်နေတဲ့ လူတွေအတွက်လည်းသူလာပြီး ရှင်းပြတယ်ပေါ့။ အဲဒီအကြောင်းတွေနဲ့သူလာတယ်လို့ ပြောတယ်။

**စာမျက်နှာ ၅ သို့**


| | | | | | |
|---|---|---|---|---|---|
| **မြန်မာ အမေရိကန်ဆက်ဆံရေး ကောင်းမွန်ဖို့ အပြောထက် လက်တွေ့ လုပ်ရန်လို** | **နယ်ခြားစောင့် လက်ခံတဲ့ ဒီကေဘီအေ ဌာနချုပ်ကို ဗိုလ်ချုပ်နှုတ်ခမ်းမွှေးသိမ်း** | **အာရှတော်ဝင်ဆေးခန်းမှ ဦးဝင်းတင် ပြန်ဆင်းလာပြီ ကျန်းမာရေးကောင်းမွန်** | **ဒေါ်စုကို လွတ်လပ်စွာ သွားလာလပ်ရှားခွင့်ပြုဖို့ ဂျွန်မက်ကိန်း တိုက်တွန်း** | **ဒီပဲယင်းလုပ်ကြံမှု ကျူးလွန်သူတွေကို ဖော်ထုတ်အရေးယူဖို့ ကျန်ရစ်သူတောင်းဆို** | **ဂျွန်မက်ကိန်း နယ်စပ်ရှိ ဒီမိုကရက်တစ်အင်အားစု တွေနဲ့ တွေ့ ဆုံခဲ့** |
| **စာမျက်နှာ ၃** | **စာမျက်နှာ ၄** | **စာမျက်နှာ ၁၀** | **စာမျက်နှာ ၁၂** | **စာမျက်နှာ ၁၆** | **စာမျက်နှာ ၁၈** |

# ဟောင်ကောင်တက္ကသိုလ်ရာပြည့်အထိမ်းအမှတ်သို့ ဒေါ်စုမိန့်ခွန်းပြောကြား

**VOA ၊ မေ ၃၀ ။ ။** ဟောင်ကောင်တက္ကသိုလ်ဟာ ဒီနှစ်မှာနှစ် ၁၀၀ ပြည့်သွားခဲ့ပါပြီ။ ဒီနေ့ကျင်းပတဲ့ တက္ကသိုလ် ရာစုနှစ်အထိမ်းအမှတ် အဖြစ် ဒေါ်အောင်ဆန်းစုကြည်နှင့် စကားပြောခြင်း အထိမ်းအမှတ် အခမ်းအနားအတွက်ပေးပို့လိုက်တဲ့ ဗွီဒီယို မိန့်ခွန်းထဲမှာ မြန်မာ့ဒီမို ကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က ပညာရေးရဲ့ တန်ဖိုးကို အလေးထားပြီး ပြောဆိုသွားခဲ့ပါတယ်။ ဒ့ါအပြင် ဒီအခမ်းအနားကိုတက်ရောက်လာခဲ့တဲ့ ကျောင်းသား ကျောင်းသူတွေ၊ ပညာရှင်တွေနဲ့ သတင်းထောက်တွေ မေးထားတဲ့မေးခွန်းတွေကိုလည်း ဗွီဒီယို လင့်ခ်ကတဆင့် ဖြေကြားသွားခဲ့ရာမှာ တရုတ်နိုင်ငံရဲ့ ဒီမိုကရေစီရေး လွတ်လပ်ခွင့်နဲ့ ပတ်သက်လို့လည်း ဒေါ်အောင်ဆန်းစုကြည်က ထည့်သွင်းဖြေကြား ပြောဆိုသွားခဲ့ပါတယ်။ အပြည့်အစုံကို ဆက်သွယ် စုံစမ်းထားတဲ့ ဒေါ်ခင်မျိုးသက်က တင်ပြပေးထားပါတယ်။

အာရှမှာ အစဉ်အလာကြီးမားတဲ့ ဟောင်ကောင်တက္ကသိုလ်ရဲ့ နှစ် ၁၀၀ ပြည့် အခမ်းအနားအတွက် ဆေးသိပ္ပံ၊ စီးပွားရေးနဲ့ လူမှုရေးသိပ္ပံဆိုင်ရာ ကမ္ဘာပေါ်မှာထူးထူးခြားခြား စွမ်းဆောင်နိုင်သူတွေရဲ့ ဟောပြောဆွေးနွေးမှုတွေပါဝင်ပြီး ဒီအထဲမှာ ငြိမ်းချမ်းရေး နိုဘယ်လ်ဆုရှင် ဒေါ်အောင်ဆန်းစုကြည်နဲ့ ဟောင်ကောင်တက္ကသိုလ် ကျောင်းသားတွေရဲ့ Centenary Dialogue လို့ခေါ်တဲ့ ရာစုနှစ် အထိမ်းအမှတ်စကားပြောခြင်း အစီအစဉ်လည်း ပါဝင်ပါတယ်။

ဟောင်ကောင်တက္ကသိုလ် လူမှုရေး သိပ္ပံဌာန အကြီးအကဲ Ian Holliday ကိုယ်တိုင် မြန်မာနိုင်ငံကိုလာရောက်ခဲ့ပြီး ဖိတ်ကြားခဲ့သလို လူ့အခွင့်အရေးနဲ့ ငြိမ်းချမ်းရေးအတွက် ဆောင်ရွက်နေတဲ့ နှလုံးသားဖြူစင်တဲ့ ဒေါ်အောင်ဆန်းစုကြည်ကို ရေပေါ် ပေါ်နေတဲ့ ကြာပန်းအသွင် တင်စားထားတဲ့ စာတမ်းကိုပါပေးအပ်ခဲ့ပါတယ်။ ဒီစာတမ်းကို နာမည်ကျော် ခေတ်ပေါ် လက်ရေးပန်းချီပညာရှင်ပါမောက္ခ Jao Tsung-I က ရေးဆွဲခဲ့တာဖြစ်ပါတယ်။

ဒီဟောပြောပွဲကို တက်ရောက်ဖို့အတွက် စာရင်းပေးသွင်းသူ ၁,၈၀၀ ကျော် ရှိပါတယ်။ ဟောင်ကောင်တက္ကသိုလ်ရဲ့ တိုကျိုခန်းမကြီး အပြင်အနားက အခန်းတွေထဲမှာပါ ဗွီဒီယိုနဲ့ ပြသခဲ့သလို ကွန်ပြူတာ အင်တာနက်ပေါ်ကနေ ဝက်ဘ်ကတ်စ်နဲ့ တိုက်ရိုက် ထုတ်လွှင့်ပေးခဲ့ပြီး ဟောင်ကောင်ကေဘယ်လ် တီဗွီကလည်း တိုက်ရိုက်ထုတ်လွှင့်ပေးခဲ့ပါတယ်။

ဗွီဒီယိုရုပ်သံကတဆင့် တိုက်ရိုက်ပြောကြားခဲ့တဲ့ အဖွင့်မိန့်ခွန်းထဲမှာ ပညာရေးဆိုတာ လူ့ဂုဏ်သိက္ခာနဲ့ လူ့ဘဝတိုးတက် ရေးအတွက် လမ်းမှန်ရောက်ဖို့ လမ်းညွှန်ပေးတာမျိုးဖြစ်တယ်လို့ ဒေါ်အောင်ဆန်းစုကြည်ကပြောပါတယ်။ ဒီအနှစ်သာရကို ဟောင်ကောင်တက္ကသိုလ်က လက်တွေ့ ကျင့်သုံးနေတာမို့ ဝမ်းမြောက်သလို ဒီလိုပညာရေးမျိုးမြန်မာနိုင်ငံမှာ ရှိခဲ့ဖူးပါတယ်လို့ ဆိုပါတယ်။ မြန်မာနိုင်ငံရဲ့ ပညာရေးအဆင့်အတန်းနဲ့ အခြေခံအဆောက်အအုံတွေကို အာရှတိုက် နိုင်ငံတွေသာမက ကမ္ဘာကပါ အားကျစံတင်ရတဲ့အထိ ဖြစ်ခဲ့တယ်လို့ ပြောပါတယ်။

ဟောင်ကောင်တက္ကသိုလ်ထက် ၁၀ နှစ်လောက်ငယ်တဲ့ ရန်ကုန်တက္ကသိုလ်ကနေထက်မြက်တဲ့ပညာတတ်တွေ မွေးထုတ်ပေးရုံတင် မက မြန်မာနိုင်ငံကိုကိုလိုနီနယ်ချဲ့လက်အောက်ကနေလွတ်အောင်လုပ်ဆောင်သူတွေကိုပါမွေးထုတ်ပေးခဲ့တာပါ။ စစ်အစိုးရလက်အောက်နှစ်ပေါင်း ၂၀ ကြာတဲ့နောက်ဆုတ်ယုတ်မှုတွေတွေ့လာရပြီး ၁၉၈၈ ခုနှစ် ရန်ကုန်တက္ကသိုလ်ကျောင်းသားတွေဦးဆောင်တဲ့ လူထုလှုပ်ရှားမှုတွေနဲ့ တောင်းဆိုခဲ့ပေမဲ့ ကျောင်းသားခေါင်းဆောင် အများအပြား အခုထိ အကျဉ်းထောင်ထဲရှိနေခဲ့ပြီး အခု နောက်ထပ် နှစ် ၂၀ နောက်ပိုင်းမှာတော့ ပညာရေးကအစ အစစသိပ်ကို နောက်ကျနေပြီလို့ထောက်ပြခဲ့ပါတယ်။

ဒ့ါအပြင် ပညာရေးဟာ လူတိုင်း လက်လှမ်းမီခွင့်ရှိသင့်ပြီး လက်တဆုပ်စာ လူနည်းစုအတွက်ပဲ အခွင့်ထူးခံမဖြစ်သင့်ဘူးလို့ဆိုပါတယ်။

"ပညာရေးဟာ လူ့သိက္ခာနဲ့ တိုးတက်ရေးအတွက် အတွေးအခေါ်ကို မြှင့်တင် သင်ကြားပေးနိုင်တဲ့ ဖြစ်စဉ်တခုပါ။ ဒါကြောင့် တရားမျှတမှုနဲ့လွတ်လပ်ခွင့်ဟာ လူတိုင်းရဲ့ မွေးရာပါ အခွင့်အရေးတရပ်ဆိုတာကို သဘောမပေါက်နိုင်ဘဲ သူများပြောတာကို အမှားအမှန် မဝေခွဲနိုင်၊ ခိုင်းတာကိုပဲလုပ်ဖို့ မွေးထုတ်ပေးတဲ့ စက်မျိုးမဖြစ်သင့်ပါဘူး။" လို့ပြောသွားပါတယ်။ မြန်မာနိုင်ငံသားတွေအတွက် အခုလို ပညာရေးမျိုးနဲ့ ထိတွေ့ခွင့်မရသေးပေမဲ့ တချိန်မှာတော့ ဖြစ်လာလိမ့်မယ်လို့ မျှော်လင့်ထားကြောင်းလည်း ပြောပါတယ်။

ဟောပြောမှုတွေ အပြီးမှာတော့ ကျောင်းသားတွေ၊ သတင်းထောက်တွေရဲ့မေးမြန်းချက်တွေကို ဒေါ်အောင်ဆန်းစုကြည်က ဗွီဒီယိုရုပ်သံကနေ တိုက်ရိုက်ဖြေကြား ဆွေးနွေးခဲ့ပါတယ်။ ဒီအထဲမှာဒီမိုကရေစီနဲ့ ပညာရေးဆိုင်ရာတွေကို အများဆုံးဆွေးနွေးခဲ့တယ်လို့ဆွေးနွေးပွဲကို တက်ရောက်ခဲ့တဲ့ ဟောင်ကောင်တက္ကသိုလ် ဥပဒေကျောင်းသား ဆမ်ဝေါင်းက ပြောပါတယ်။

"သူက ဒီမိုကရေစီအကြောင်းနဲ့ ဒီမိုကရေစီနဲ့ ပညာရေး ဘယ်လိုဆက်နွယ်နေတယ် ဆိုတာတွေကို ပြောသွားပါတယ်။ ဒီမိုကရေစီကိုရနိုင်အောင် လူထုကို ပညာပေးဖို့၊ လူထုမှာ ပညာတွေ ပြည့်နေဖို့အရင်ဆုံးလုပ်ရမယ်လို့ပြောသွားပါတယ်။ ဒါဟာ အများကိုသိအောင် သူအဓိကပြောချင်တဲ့ အချက်လို့ ကျနော်ထင်ပါတယ်။"

ဆွေးနွေး မေးမြန်းကြတဲ့ အထဲမှာ ဒေါ်အောင်ဆန်းစုကြည်က သူ့ရဲ့ နယ်လှည့်ခရီးစဉ်နဲ့ပတ်သက်ပြီး ဇွန်လမှာစလို့ ပထမဆုံး နယ်လှည့်ခရီးထွက်မှာဖြစ်ကြောင်း ပြောပါတယ်။ ဒါပေမဲ့ အာဏာပိုင်တွေဘက်က လုံခြုံရေးပေးမယ်ဆိုတဲ့ ပြောကြားချက်မျိုး အခုထိမရသေးဘူးလို့ ဆိုပါတယ်။ တိုက်တိုက်ဆိုင်ဆိုင် ဒေါ်အောင်ဆန်းစုကြည်ရဲ့ ဟောင်ကောင်တက္ကသိုလ် ရာစုနှစ် အထိမ်းအမှတ် ပြောကြား တဲ့နေ့ဟာ မေလ ၃၀ ရက်နေ့ ဖြစ်တာမို့ ဒီပဲယင်း အရေးအခင်း ၈ နှစ်ပြည့်တဲ့နေ့လည်း ဖြစ်ပါတယ်။

လွန်ခဲ့တဲ့ ၈ နှစ်တာ ကာလက စစ်အစိုးရ ကျောထောက်နောက်ခံပေးထားသူတွေရဲ့ တိုက်ခိုက်မှုကိုခံရတဲ့အတွက် ဒီမိုကရေစီရေးလှုပ်ရှားသူအများအပြားသေဆုံးခဲ့ရပြီး ဒေါ်အောင်ဆန်းစုကြည် ကိုယ်တိုင်လည်းအသက်ဘေးကနေသီသီလေးလွတ်မြောက်ခဲ့ရတာဖြစ်ပါတယ်။ Al Qaida ခေါင်းဆောင် Osama Bin Laden သေဆုံးမှုနဲ့ပတ်သက်ပြီး မေးမြန်းချက်ကို ဖြေကြားရာမှာတော့ အကြမ်းဖက်မှုဟာအကြမ်းဖက်မှုနဲ့ပဲ အဆုံးသတ်တယ်လို့ ဒေါ်အောင်ဆန်းစုကြည်က ဖြေကြားခဲ့ပါတယ်။

ဆွေးနွေးမေးမြန်းကြတဲ့ အထဲမှာ ပရိသတ် သဘောအကျဆုံး

**စာမျက်နှာ ၇ သို့**

# မြန်မာ အမေရိကန်ဆက်ဆံရေး ကောင်းမွန်ဖို့ အပြောထက် လက်တွေ့လုပ်ရန်လို

**VOA ၊ ဂျွန် ၃ ။** ။ မြန်မာအစိုးရသစ်အနေနဲ့ အမေရိကန်ပြည်ထောင်စုနဲ့ပိုပြီးတော့ ကောင်းမွန်တဲ့ ဆက်ဆံရေးမျိုး ရချင်တယ်ဆိုရင် နွေးထွေးပျူငှာတဲ့ စကားလုံးတွေထက် အပြောင်းအလဲအတွက် လက်တွေ့ကျတဲ့ လုပ်ငန်းတွေဖော်ဆောင်ဖို့ လိုအပ်တယ်လို့ အမေရိကန်အထက်လွှတ်တော်အမတ် John McCain က ပြောပါတယ်။ ပြောင်းလဲမှုတွေမလုပ်နိုင်သေးဘူးဆိုရင်တော့ အာရပ်ကမ္ဘာမှာလို လူထုရဲ့တော်လှန်အုံကြွမှုနဲ့ ရင်ဆိုင်ရနိုင်တယ်လို့လည်း မစ္စတာမက်ကိန်းကသတိပေးပါတယ်။ ဒီနေ့ မြန်မာနိုင်ငံက ပြန်မထွက်ခွာခင် ပြုလုပ်တဲ့သတင်းစာ ရှင်းလင်းပွဲအတွင်း အခုလို ပြောသွားခဲ့တာဖြစ်ပါတယ်။ အပြည့်အစုံကို ဒေါ်ခင်မျိုးသက်က တင်ပြပေးထားပါတယ်။

မြန်မာနိုင်ငံမှာ အစိုးရသစ်တက်လာခဲ့ပြီးနောက် ဘာအပြောင်းအလဲတွေရှိတယ်ဆိုတာကို လာရောက်ဆန်းစစ်တဲ့ အမေရိကန် အထက်လွှတ်တော်အမတ် ဂျွန်မက်ကိန်းရဲ့ မြန်မာနိုင်ငံခရီးစဉ်ဟာ ဒီနေ့ သောကြာနေ့မှာ ပြီးဆုံးပြီဖြစ်ပါတယ်။ မြန်မာအစိုးရဘက်ကအမေရိကန်နဲ့ ပိုမိုကောင်းမွန်တဲ့ ဆက်ဆံရေးရှိဖို့အတွက် လိုလားတာကို ပြတ်ပြတ်သားသားတွေ့ရတယ်လို့ ဒီနေ့ပြုလုပ်တဲ့ သတင်းစာရှင်းလင်းပွဲမှာ မစ္စတာမက်ကိန်းက ပြောပါတယ်။

မြန်မာအစိုးရအဖွဲ့ထဲက မစ္စတာမက်ကိန်းနဲ့တွေ့ဆုံခဲ့တဲ့ ဒု-သမ္မတသီဟသူရဦးတင်အောင်မြင့်ဦး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသူရဦးရွှေမန်းနဲ့ပြည်ထောင်စုလွှတ်တော် အလှည့်ကျနာယက ဦးခင်အောင်မြင့်တို့ဟာအရင် စစ်အစိုးရလက်ထက်မှာ အယူအဆတင်းမာသူတွေအဖြစ်ထင်ရှားကြပါတယ်။ ဒီမိုကရေစီရေးအပြောင်းအလဲတွေအတွက် ပါးစပ်က ပြောနေတာထက် လက်တွေ့ထင်ထင်ရှားရှားလုပ်ပြဖို့ ပြောဆိုခဲ့တယ်လို့ မစ္စတာ မက်ကိန်းက ပြောပါတယ်။

"ဆက်ဆံမှုတွေ တိုးတက်ကောင်းမွန်လာဖို့ ဆိုရင်တော့နွေးထွေးပျူငှာတဲ့ စကားလုံးတွေနဲ့တင်မဟုတ်ဘဲ လက်တွေ့လုပ်ရပ်တွေပြဖို့လိုပါလိမ့်မယ်။ ကျနော်နဲ့ အမေရိကန်လွှတ်တော်အပါအဝင် အမေရိကန်ခေါင်းဆောင်ပိုင်းဟာမြန်မာနိုင်ငံမှာစစ်မှန်တဲ့ဒီမိုကရေစီအပြောင်းအလဲတွေဖြစ်ဖို့ အစိုးရသစ်အနေနဲ့ တကယ်ပဲပိုင်းဖြတ် ထားမှု ရှိမရှိဆိုတာကို ဆန်းစစ်မှာဖြစ်ပါတယ်။"

ဒီအထဲမှာ မြန်မာနိုင်ငံမှာ ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသူ နိုင်ငံရေးအကျဉ်းသားတွေကို ခြွင်းချက်မရှိပြန်ပြီးလွှတ်ပေးတာဟာ ထင်ရှားတဲ့ အရေးအကြီးဆုံးလုပ်ရပ်လို့ဆိုပါတယ်။ သူတို့ကိုကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီက တောင်းဆိုထားတဲ့အတိုင်းပြန်လွှတ်ပေးဖို့ပါ။

"အရေးကြီးတဲ့အဆင့်က ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသူအားလုံးကို ခြွင်းချက်မရှိပြန်လွှတ်ပေးဖို့ပါ။ အများက လေးစားလက်ခံတဲ့ နိုင်ငံတကာအဖွဲ့အစည်းကြီးတွေ၊ လူ့အခွင့်အရေးအဖွဲ့တွေရဲ့ အဆိုအရတော့ မြန်မာနိုင်ငံထဲမှာ အခြေခံလူ့အခွင့်အရေးရပိုင်ခွင့်တွေကို ကျင့်သုံးခဲ့တာကြောင့် ထောင်ဒဏ်ချခံထားရတဲ့အမျိုးသား၊ အမျိုးသမီး ခန့်မှန်းခြေ ၂,၀၀၀ ကျော် ရှိတယ်လို့သိရပါ တယ်။ သူတို့ကို ရာဇဝတ်မှု ကျူးလွန်သူတွေရယ်လို့ သတ်မှတ်လို့ မရပါဘူး။"

ဒီနိုင်ငံရေးအကျဉ်းသားတွေသာမက မြန်မာနိုင်ငံအကျဉ်းထောင် တွေထဲက အကျဉ်းသားတွေရဲ့ နေထိုင်၊ စားသောက်ရတဲ့အခြေအနေတွေ တိုးတက်ကောင်းမွန်လာစေဖို့ ICRC နိုင်ငံတကာ ကြက်ခြေနီအဖွဲ့ လက်လှမ်းမီအောင် ခွင့်ပြုသင့်တယ်လို့ အစိုးရအဖွဲ့ကို တောင်းဆိုခဲ့တာမို့ မကြာခင်မှာပဲ ICRC သွားရောက်နိုင်မယ်လို့ မျှော်လင့်ထားကြောင်းလည်း ပြောပါတယ်။

ဒ့ါအပြင် မြန်မာ့ဒီမိုကရေစီခေါင်းဆောင်ဒေါ်အောင်ဆန်းစု ကြည်ရဲ့မကြာခင်သွားဖို့စီစဉ်နေတဲ့ စည်းရုံးရေးခရီးစဉ်တွေဘယ်လောက်ရှိတယ်ဆိုတာကိုကြည့်ပြီးမြန်မာအစိုးရသစ်ဘက်ကအပြောင်းအလဲလုပ်ချင်တဲ့ဆန္ဒ တကယ်ရှိမရှိ တိုင်းတာနိုင်မယ်လို့လည်းပြောပါတယ်။

"ဒေါ်အောင်ဆန်းစုကြည်ကို လုံခြုံရေးနဲ့ လူ့အခွင့်အရေးရပိုင်ခွင့်တွေ ပေးထားဖို့ လိုပါလိမ့်မယ်။ အထူးသဖြင့်တော့ သူ့အနေနဲ့ ဆန္ဒရှိတဲ့အတိုင်း မကြာခင်တချိန်မှာ တိုင်းပြည်ထဲ လည်ပတ်တဲ့အခါမှာလွတ်လပ်ခွင့်တွေ ရှိဖို့ လိုပါတယ်။ သူ နောက်ဆုံးအကြိမ် နိုင်ငံတွင်းမှာလွတ်လွတ်လပ်လပ်နဲ့ ခရီးသွားဖို့ကြိုးပမ်းတဲ့ အခါတုန်းကအကြမ်းဖက်မှုတွေနဲ့ရင်ဆိုင်ခဲ့ရပါတယ်။ အခု ဒီတကြိမ်မှာ အလားတူအခြေအနေမဖြစ်လာအောင် အစိုးရသစ်အနေနဲ့ ဘယ်လောက်လုပ်နိုင်မလဲ၊ အကာအကွယ်ပေးနိုင်မလဲဆိုတာဟာ အပြောင်းအလဲအတွက် သူတို့စိတ်ဆန္ဒဘယ်လောက်ရှိသလဲဆိုတာ အစိုးရအပေါ် အကဲစမ်းမှုဖြစ်လာပါလိမ့်မယ်။

"ဒေါ်အောင်ဆန်းစုကြည်ကို အကာအကွယ်ပေးတယ်ဆိုတာ ထင်ရှားတဲ့ နိုင်ငံသားတဦးကို အထူးအခွင့်အရေး ပေးတယ်လို့မမြင်သင့်ပါဘူး။ ဒါဟာ ဒီနိုင်ငံက နိုင်ငံသားအားလုံး အကျိုးဝင်တဲ့လူသားတဦးအနေနဲ့သိက္ခာရှိရှိရပ်တည်နိုင်ဖို့ အခြေခံလိုအပ်ချက် ဖြစ်တယ်လို့မြင်သင့်ပါတယ်။"

မြန်မာနိုင်ငံအတွင်း အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ဒေါ်အောင်ဆန်းစုကြည်၊ တိုင်းရင်းသားအဖွဲ့တွေ၊ NLD အပါအဝင်နိုင်ငံရေးအဖွဲ့အစည်းအသီးသီးက ပုဂ္ဂိုလ်တွေနဲ့တွေ့ဆုံ ဆွေးနွေးဖို့အတွက် မြန်မာအစိုးရကို တိုက်တွန်းခဲ့သလို အခုလိုအပြောင်းအလဲတွေအတွက် အချိန်ယူနေစရာ မလိုဘဲ တကယ်ပြောင်းလဲချင်တဲ့ ဆန္ဒရှိရင် အမြန်ဆုံးလုပ်ဆောင်နိုင်တယ်လို့ဆိုပါတယ်။

"အပြောင်းအလဲတွေက အပြင်းအထန် ဖြစ်ပေါ်နေပါပြီ။ အာရပ်ကမ္ဘာမှာပဲ ဒါက ရပ်တန့်နေမှာမဟုတ်ပါဘူး။ ပြုပြင်ပြောင်းလဲမှုကိုမလုပ်လိုတဲ့ အစိုးရတွေ အနေနဲ့ကတော့ နောက်ပိုင်းမှာ တော်လှန်ပြောင်းလဲတဲ့ အုံကြွမှုတွေကို ရင်ဆိုင်လာရမှာပါ။"

တချိန်တည်းမှာပဲ မြန်မာနိုင်ငံသားတွေအတွက် ကျန်းမာရေး၊ ပညာရေးအပြင် ကောင်းမွန်တဲ့ အုပ်ချုပ်ရေးတွေ ဖန်တီးပေးဖို့ အစိုးရသစ် ပြောဆိုထားတဲ့အတိုင်း လက်တွေ့အကောင်အထည်ဖော်ဖို့ပါ ပြောကြားခဲ့ပါတယ်။

✡✡✡✡✡

# မြန်မာပြည်ကလာတဲ့စာ

**မောင်သုခ**
**ရှာဖွေစုဆောင်းတင်ပြသည်**

ဂျပန်သတင်းစာ မိုင်နီချိ (Mainichi Newspaper) ကို ဧပြီလ နောက်ဆုံးပတ်အတွင်းပေးပို့ခဲ့တဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ မြန်မာပြည်မှပေးစာကဏ္ဍ စတုတ္ထမြောက်ဆောင်းပါး ဖြစ်ပါတယ်။

ပထဝီ (မြေ)၊ အာပေါ (ရေ)၊ တေဇော (မီး)၊ ဝါယော (လေ) ဓါတ်ကြီးလေးပါးပေါင်းစုပြီးဂျပန်နိုင်ငံကိုပြောင်းဆန်ကသောင်းကနင်း ဖြစ်အောင် ဖျက်ဆီးခဲ့ကြတော့တယ်။ မဟာပထဝီမြေကြီးက တဝုန်း ဝုန်းတုန်လှုပ်ခါပြီး ကွဲအက်ကုန်ကြတယ်။ နောက် အဏ္ဏဝါပင်လယ် ပြင်ကနေ ကြောက်မက် ထိတ်လန့်စရာကောင်းသော ဟိုကူဆိုင်ရော မရေလှိုင်းတံပိုးကြီးတွေ တရှိန်ထိုးတလိမ့်လိမ့်တက်လာပြီး ပျက်ဆီး နေတဲ့ ကမ်းရိုးတန်း တလျှောက်ကို မညှာမတာ ဝါးမြိုဖျက်ဆီးပြန်တယ်။ နောက် အလျှံညီးညီး မီးတောက်မီးလျှံများလာပြန်တယ်။ ဒီ သေကြေ ပျက်စီးစေတဲ့ ဓါတ်ကြီးလေးပါးရဲ့ နောက်ဆုံးတခုဖြစ်တဲ့လေလှိုင်းနဲ့အတူ ရေဒီယိုသတ္တိကြွ အဆိပ်အတောက် မီးခိုးမီးငွေ့များ တလုံးတခဲ ဝင် ရောက်လာပါတော့တယ်။ မတ်လ (၁၁) ရက်နေ့မှာ ဂျပန်နိုင်ငံကိုရုပ် ပျက်ဆင်းပျက်ဖျက်ဆီးခဲ့တဲ့ ငလျင်နဲ့ ဆူနာမီ သဘာဝကပ်ဘေးအ ကြောင်း ပုံဖော်ရေးဖွဲ့ပြောဆိုရေးသားကြတာတွေ အလွန်များပြားလှပေ မယ့် ဒီလိုတုန်လှုပ်ချောက်ချားစရာ အနိဋ္ဌာရုံပျက်ဆီးမှုတွေကို စာဖွဲ့ရေး ရတာ အလွန်စိတ်ပင်ပန်းနွမ်းပါးလှပါတယ်။

ဒီဖြစ်ပျက်ခဲ့သမျှ အဆိုးတွေထဲက အကောင်းတခုကို သက်သေ သာဓကနဲ့ ထုတ်ဖော်ပြောဆိုရရင်တော့ ဒီလို သဘာဝကပ်ဘေးဒဏ် တွေကို ရင်ဆိုင်နိုင်ဖို့ ဂျပန်လူမျိုးတွေမှာ အဆင်သင့်ပြင် ဆင်ထားတဲ့ အရည်အသွေးများဖြစ်တယ်။ အဲဒါတွေကတော့ စည်းကမ်းရှိမှု၊ တာ ဝန် ဝတ္တရားသိတတ်မှု၊ ဒူပေနာပေခံနိုင်မှု၊ ကြံ့ခံနိုင်မှု၊ စိုက်လိုက်မတ် တတ် ကြိုးပမ်းလုပ်ဆောင်မှုတို့ဖြစ်ကြတယ်။ဖျက်ဆီးခြင်းခဲ့ရတဲ့ နိုင်ငံ တနိုင်ရဲ့ ပြည်သူတွေကမိမိတို့ရဲ့ပျက်ဆီးပြို ပျက်နေသော အိမ်ယာအ ဆောက်အအုံများနဲ့ မြို့ရွာတွေကို မွေးရာပါ ဂျပန်လူမျိုးတွေရဲ့ စိတ်ဓါတ် ကျင့်ကြံမှုအတိုင်း မငြီးမငြူပြန်လည်တည်ဆောက်လုပ်ကိုင်နေကြတာ ကို တကမ္ဘာလုံးက ဂရုဏာသက်၊ လေးစားမှုများနဲ့ ကြည့်ရှုအားပေး နေကြတယ်။ နောက်ဆုံးတော့ လူသားတွေရဲ့စိတ်ဓါတ်စွမ်းအားသည် သာ အန္တိမသြဇာတိက္ကမအကြီးမားဆုံး ဖြစ်ပေသည်။ ဒီစိတ်ဓါတ်ခွန် အားကြောင့် အလျှော့မပေးရင်ဆိုင်၊ တခါတရံ ဘေးအန္တရာယ်ရှိ လျှက် ခြေစုံမတ်ရပ်ပြီး ဒုက္ခတိုက်ခိုက်မှုမျိုးစုံ (ဝါ) အလုံးစုံသောရုပ်လေးပါးတို့ ပစ်ခတ် တိုက်ခိုက်လာတာတွေကို အောင်မြင်ကျော်ဖြတ်နိုင်တယ်။

လှုပချိုမြိန်မှုဟာ ဘေးဒုက္ခအခက်အခဲရဲ့ အသုံးတော်ခံဖြစ်တယ် ဥပမာအားဖြင့် ဖားပြုပ်ဆိုတာ ရွံစရာကောင်း အကျည်းတန်၊ အဆိပ် အတောက်ရှိပေမယ့် သူ့ဦးခေါင်းထက်မှာ တန်းဖိုးရှိတဲ့စိန်ရွှေ ရတနာ ဆင် မြန်းထားလိုက်တဲ့အခါမှာတော့။ လူသားစိတ် ဓါတ်စွမ်းအားဟာ ဖားပြုပ်ဦးခေါင်းပေါ်က အဖိုးတန်ကျောက်မျက်ရတနာလို ဘဝလောက ခံထဲ အကြိမ်ဖန်များစွာ ဖြတ်တောက်သွေးသပြီးမှ ပြည့်ဝတောက်ပ နိုင် မာလာသလိုဖြစ်တယ်။

ဒီလို ဒေါသမာန်ဟုန် မဟာပထဝီမြေကြီးနဲ့ ပင်လယ်လှိုင်းတပိုး တို့ ဂျပန်ပြည်ကို ရိုက်ပုတ်ဒဏ်ခတ်ခဲ့တဲ့ ဆူနာမီသဘာဝဘေးဒဏ်သင့် ခဲ့တဲ့နေ့ တပတ်အကြာမှာတော့ မြန်မာပြည်လည်း ကံကြမ္မာဆိုးကျ ရောက်ခဲ့တယ်။ ရှမ်းရိုးမတောင်တန်းအရှေ့ဖက်ခြမ်းမှာ ဖြစ်ပွားခဲ့တဲ့ မြေငလျင်ဒဏ်ကြောင့် လူပေါင်း တရာကျော်သေဆုံးခဲ့ပြီး၊ အဆောက် အဦးများစွာလည်း ပြိုကျပျက်စီးသွားခဲ့တယ်။ ပြည်ထောင်စု အဝေးပြေး လမ်းမကြီးလည်း နက်ရှိုင်းသော ခရင်းခွ သဏ္ဍာန် ချိုင့်ကွက်ကြီးနဲ့ နှစ် ခြမ်းကွဲအက်သွားခဲ့တယ်။ တချိန်တည်းဆိုသလို ဧရာဝတီမြစ်ဝကျွန်း ပေါ်တောင်ပိုင်းတဝိုက်ကို ပြင်းထန်တဲ့ လေများကျရောက်တိုက်ခိုက်ပြီး ခနော်ခနဲ့ ဝါးဖောင်တွေနဲ့ လုပ်ကိုင်စားသောက်နေကြတဲ့ ကမ်းလွန်ရေ လုပ်သား တံငါးသည် ထောင်ပေါင်းများစွာလည်းဒီလေနဲ့အတူလွှင့် ပါမျောသွားကြတယ်။ တော်တော်များများကတော့ ကံကောင်းထောက် မစွာနဲ့ ရက်ပိုင်းအတွင်း သေကံမရောက်ကမ်းကို ပြန်ရောက်လာကြ ပေမယ့် ကျမ ဒီစာရေးနေချိန်အထိ ရေလုပ်သား တစ်ထောင်ခန့်ပျောက် ဆုံးနေဆဲလို့ သိရှိရတယ်။

၂၀၀၈ ခုနှစ်ကဖြစ်ပွားခဲ့တဲ့ နာဂစ်လေမုန်တိုင်းကာလနောက် ပိုင်း မြန်မာနိုင်ငံသူနိုင်ငံသားတွေအနေနဲ့ ကမ္ဘာ့တဝှမ်းမှာ မကြာခဏဆို သလို ဖြစ်ပျက်နေတဲ့ သဘာဝကပ်ဘေးဒဏ်တွေအကြောင်း ကိုပိုမိုအာ ရုံစိုက် စာနာခံစားလိုက်ကြတယ်။ ဒါကလည်း ကိုယ်ပိုင်အတွေ့ အကြုံ ကနေ ပေါက်ဖွားလာတဲ့ စာနာကြင်နာမှု နှီးနှောမှုစိတ်ကနေထပ်တူ ထပ်မျှမျှဝေခံစားတတ်တဲ့စိတ် ဖြစ်တည်လာတာဖြစ်တယ်။မြန်မာပြည် မှာရှိတဲ့ ကျမတို့အဖို့ဂျပန်လူမျိုးတွေ စိတ်ဓါတ်ခိုင်ခိုင်မာမာနဲ့ဆူနာမီ အပျက်အစီးများကို ပြန်လည်တည်ဆောက် လုပ်ကိုင်နေကြတာ က မြန်မာပြည်အရှေ့ဘက်တောင်တန်းဒေသများနဲ့တောင်ပိုင်းမြစ်ဝကျွန်း ပေါ်တဝိုက်ရှိ ထိခိုက်ပျက်ဆီးမှုတွေကြောင့် ပြောင်းလဲပျက်စီးသွားခဲ့တဲ့ သူတို့ တတွေရဲ့ဘဝတွေကို ပုံမှန်အခြေအနေ ပြန်ဖြစ်အောင် ကျမတို့ တတွေ အတတ်နိုင်ဆုံး ကြိုးပမ်းလုပ်ဆောင်နေတာကို ပုံကြီးချဲ့ ဖော်ပြ ထားသလိုပါပဲ။

အဲဒါ လူသားတွေရဲ့ စိတ်ဓါတ်စွမ်းအား - စိတ်နှလုံးသားတွေကို ရွှေ့လျားပြောင်းနိုင်ပြီး ပထဝီအရ၊ ယဉ်ကျေးမှုအရ ကွဲပြားခြားနားမှုတွေ ကို ပေါင်းကူးဆက်စပ်ပေးနိုင်တယ်။ ဂျပန်နိုင်ငံ သဘာဝကပ်ဘေး ကျ ရောက်တာကို ကြားကြားခြင်း ကျမတို့အနေနဲ့ ဂျပန်လူမျိုးတွေ နဲ့အတူ ထပ်တူထပ်မျှခံစားရပါပြီး၊ ဒီလို ဒုက္ခဘေးဒဏ်ခံနေရ ချိန်မှာ ကျမတို့အနေနဲ့ ဘယ်လောက်အထိ ကူညီပံ့ပိုးလုပ်ပေးချင်တယ့်စိတ် ဆန္ဒတွေရှိနေတယ်ဆိုတာကိုဂျပန်လူမျိုးတွေကိုပေးသိစေချင်ပါတယ်။ ဝမ်းနည်းစရာကောင်းတာကတော့ ကျမတို့အ နေနဲ့ ရုပ် ဝတ္ထုပိုင်းဆိုင်ရာ ကူညီပေးကမ်းဖို့ အခွင့်မသာ၊ လုပ်ပိုင်ခွင့်မရှိအနေအထားမှာရှိနေခဲ့ တယ်။ ဒီလိုအခြေအနေမှာ လှုပမှုနဲ့ကဗျာအ လင်္ကာ ခံမင်နှစ်သက်ကြ တဲ့ ဂျပန်လူမျိုးတွေအတွက်သူတို့တွေ ကြုံခံစားနေကြရတဲ့ ကာယဒုက္ခ၊ စိတ္တဒုက္ခများနဲ့စိန်ခေါ်မှုတွေကို ရင်ဆိုင်ရာမှာ အကောင်ဆုံးခွန်အား ဖြစ်စေမယ့် ကဗျာအလှုလင်္ကာများကို ကမ်းလှမ်းဖို့ သတိရမိတယ်။ ဒါကြောင့် ကျမတို့တတွေ ကဗျာစာစုတအုပ် စုစည်းတင်ပြဖို့ ဆုံးဖြတ်

**စာမျက်နှာ ၅ သို့**

**စာမျက်နှာ ၄ မှ**

ခဲ့ကြတယ်။ ဒီလို ကံကြမ္မာဆိုး အမှောင်ကာလထဲက ဂျပန်လူမျိုးတွေနဲ့ အတူ ကျမတို့တတွေ ဘယ်လိုခံစားကြရတယ်ဆိုတာကို ဒီကဗျာတွေနဲ့ တနည်းတဖုံ ဖော်ပြလိုက်ခြင်းဖြစ်ပါတယ်။

ဒီစုစည်းထုတ်ဝေတဲ့ ကဗျာစုမှာ ပါဝင်ရေးသားကြတဲ့စာရေးဆရာတွေနဲ့ ကဗျာဆရာတွေအနက် တချို့က လူသားစိတ်ဓါတ်ခွန်အားနဲ့ဒုက္ခဝေဒနာတွေကို ရုန်းကန်ကျော်ဖြတ်ခဲ့ကြသူတွေဖြစ်တယ်။ နိုင်ငံရေးယုံကြည်ချက်ကြောင့် နှစ်ပေါင်း (၂၀)ကျော်အကျဉ်းကျခံခဲ့ရပြီး ၂၀၀၈ ခုနှစ် အသက် (၇၉) နှစ်ပြည့် သူ့မွေးနေ့ချိန်ခါနီးမှ ပြန်လည်လွတ်မြောက်လာခဲ့တဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကြီးရဲ့ ဗဟို အလုပ်အမှုဆောင်ကော်မတီအဖွဲ့ဝင် ဟံသာဝတီဦးဝင်းတင်လည်း တဦးအပါအဝင်ဖြစ်တယ်။ ထောင်တွင်းအကျဉ်းကျခံနေရစဉ်ကာလမှာ သူကို ချုပ်နှောင်းပိတ်ပင်ထားခဲ့သူတွေနဲ့ သူလိုပဲ လွတ်မြောက်မှုလိုသူများကို "လူပဲ လဲပြိုပျက်စီးမလား၊ ထောင်ပဲ ပြိုလဲပျက်စီးမလား" လို့ ဟစ်ကြွေးစိန်ခေါ်ရေးဆိုခဲ့တယ်။

ဂျပန်လူမျိုးတွေအတွက်တော့ သူသီကုံးရေးဖွဲ့လိုက်တဲ့ ကဗျာက စိတ်ဓာတ်ခွန်အားဖြစ်စေမယ်လို့ မျှော်လင့်ပါတယ်။ "ဆူနာမီနဂါး"၊ "ဟီရိုရှီးမား ပုံးဝင်စား" ကဗျာများကိုလည်း ရေးဖွဲ့ပြီး "အာဏာငရဲ" နဲ့ "လှိုင်းငရဲများ" လို့လည်း နှိုင်းယှဉ်ရေးဖွဲ့ သီးကုံးထားတယ်။

တခြားကဗျာဆရာ (၃) ယောက်လည်း သူတို့ရဲ့ နိုင်ငံရေးယုံကြည်ချက်၊ လှုပ်ရှားမှုများကြောင့် အကျဉ်းကျချုပ်နှောင်းခံခဲ့ကြသူတွေဖြစ်တယ်။ သူတို့တတွေအားလုံး ဆူနာမီလှိုင်းရဲ့ အကဲစမ်း စိမ်ခေါ်မှုတွေကို သဘာဝနဲ့လူသားတွေရဲ့ ရက်စက်ကြမ်းကြုတ်မှုနဲ့ကောင်းကျိုးတရားတို့ရဲ့တိုက်ပွဲ၊ ဒုက္ခဝေဒနာနဲ့ လူသားစိတ်ဓါတ်စွမ်းအာတို့ အားပြိုင်မှုတို့ကို ရှုမြင်သုံးသပ်ရေးဖွဲ့ဆိုထားကြတယ်။ ဘယ်လိုပဲကြမ်းတမ်းခက်ခဲမှု ဒုက္ခဝေဒနာတွေကို သူတို့ခံစားနေခဲ့ကြရပေမယ့် သူတို့တတွေ အမှန်တရားဘက်ခြမ်းမှာ မားမားမတ်မတ်ရပ်တည်နေကြတယ်။

ဆရာငြိမ်းသစ်က အမှောင်ဖုံးလွှမ်းနေတဲ့ အမှောင်ထုကြီးကအာရုဏ်ဦးရဲ့ ရှေ့ပြေးနိမိတ်။ အမှန်တရားက အမှောင်ထုထဲကနေ ရုန်းထွက်လာတယ်။ ကမ္ဘာကြီးရေ- သင်လည်း ရဲရဲဝံ့ဝံ့ ဒီအမှောင်ထုကြီးကို ဖယ်ရှားပြီးရုန်းထလိုက်ပါတော့-လို့ တင်စားရေးဖွဲ့သီကုံးထားတယ်။ မုံရွာအောင်ရှင်ကတော့ ကြေကွဲထိတ်လန့်စရာ ဆူနာမီလှိုင်းသင့် သောကြာနေ့ဆိုးကို မေတ္တာအဖြူရောင်လွှမ်း ကမ္ဘာ့ကြီးရဲ့ ဂရုဏာရသနဲ့ခွဲခြားဆန်ကျင်ပြဆိုပြီး ဂျပန်လူမျိုးတွေရဲ့ ကောင်းမွန်တဲ့ စိတ်ဓါတ်၊ အရည်အသွေးကို ချီးကျူးထောပနာပြု ရေးဖွဲ့ဆိုထားတယ်။ ဖျာပုံနီလုံဦးကတော့ စွမ်းအားရှင်လူသားကို မကောင်းမိစ္ဆာဝင်နေတဲ့ဆူနာမီ လှိုင်းတွေက စာနာမဲ့ကင်းမဲ့စွာနဲ့ မဖျက်ဆီးနိုင်ပါဆိုပြီး သူ့က ဗျာကိုရိုးရိုးရှင်းရှင်း အဆုံးသတ်ထားတယ်။ကျမတို့ ကဗျာဆရာတွေကိုဂျပန်နိုင်ငံအနေနဲ့ အားပေးခံစားနိုင်လိမ့်မယ်လို့ ယုံကြည်မျှော်လင့်ပါတယ်။

မှတ်ချက် ။ ။ တကယ်တော့ ဒီပေးစာဆောင်းပါးက တိရစ္ဆာန်များအကြောင်း စကားစမြည်အပိုင်း (၂) ဖြစ်ရမှာပါ။ ဒါပေမဲ့ (ဂျပန်လူမျိုးတွေ) ဆူနာမီဘေးဒဏ်ခံနေရတဲ့ ဒီလိုအချိန်ကာလမှာ တိရစ္ဆာန်များအကြောင်း ဆက်ပြောနေလို့ မသင့်တော်လို့ပါ။

---

**မျက်နှာဖုံးမှ**

ရခိုင်တို့၊ ချင်းတို့၊ ကချင်တို့ကတော့ သူတို့ ပြည်နယ် အခက်အခဲတွေကို ရှင်းပြတယ်ဗျ။ ဦးခင်မောင်ကြီးနဲ့ ဦးခင်မောင်ဆွေတို့ကတော့ အကြောင်းအရာ တော်တော်လေး စုံစုံလင်လင်ပြောသွားကြတယ်ဗျ။

"အထူးသဖြင့် ဦးခင်မောင်ကြီးဆိုရင်လည်း သူက မြန်မာနိုင်ငံဟာ ဘက်မလိုက်ဝါဒကို အမြဲစွဲကိုင်ခဲ့တဲ့အကြောင်း၊ဘယ်တိုင်းပြည်ရဲ့ ဩဇာခံ အစိုးရမျိုးမှမရှိသင့်ပါဘူး။ အဲဒါကြောင့် အမေရိကန်လည်း နားလည်ပြီး ကူညီပါလို့ သူက ပြောသွားတယ်။ Sanctionအကြောင်းတို့ ဘာတို့ကတော့လည်း အမေရိကန်ဆုံးဖြတ်ချက်ကိုတော့ ကျနော်တို့ နားလည်တယ်၊ ဒါပေမဲ့ ရုပ်သိမ်းသင့်တယ်ဆိုတဲ့အကြောင်းတွေကိုပဲ ပြန်ပြောပြတာပေါ့။ သူကတော့ Sanction ဆိုတာအမြဲရှိတာမဟုတ်ဘူးပေါ့။ ရုပ်သိမ်းတဲ့ အချိန်ကျရင်ရုပ်သိမ်းရမှာပဲ။ ဒီအစိုးရလည်း ပြုပြင်လာမှာပဲလို့ သူကပြောတယ်။ ကောင်းတဲ့အချက်ပါ၊ ဒါတွေကတော့။"

အမေရိကန် အထက်လွှတ်တော်အမတ် ဂျွန်မက်ကိန်းဟာ ဗုဒ္ဓဟူး နေ့မှာ ဒု-သမ္မတသီဟသူရတင်အောင်မြင့်ဦး၊ ပြည်ထောင်စုလွှတ်တော်ရဲ့ အလှည့်ကျ နာယကဖြစ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌဦးခင်အောင်မြင့်၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌသူရရွှေမန်း၊ နိုင်ငံခြားရေးဝန်ကြီးဦးဝဏ္ဏမောင်လွင်တို့နဲ့ နေပြည်တော်မှာ တွေ့ဆုံခဲ့ပြီးနှစ်နိုင်ငံဆက်ဆံရေးနဲ့ ပူးပေါင်းဆောင်ရွက်ရေး မြှင့်တင်နိုင်ဖို့ ဆွေးနွေးခဲ့ကြတယ်လို့ အစိုးရသတင်းတွေမှာ ဖော်ပြကြပါတယ်။

မြန်မာစစ်အစိုးရအပေါ် ပြင်းပြင်းထန်ထန် ဝေဖန်လေ့ရှိတဲ့ Mr.McCain အနေနဲ့ ပြည်ထောင်စုလွှတ်တော် နာယကနဲ့တကွလွှတ်တော် အမြဲတမ်းရေးရာကော်မတီဝင်တွေနဲ့ တွေ့ဆုံရာမှာ ပျော့ပျောင်းမှုရှိသလို အမေရိကန်လွှတ်တော်ကို လာရောက်လေ့လာဖို့ပါဖိတ်ကြားခဲ့တယ်လို့ အမျိုးသားလွှတ်တော်နဲ့ အစိုးရအာမခံချက်နဲ့ကတိ၊ တာဝန်ခံချက်တွေဆိုင်ရာ စိစစ်ရေးကော်မတီ ခေါင်းဆောင်ဒေါက်တာအေးမောင်က ပြောပါတယ်။

"သူဆွေးနွေးတဲ့ အပိုင်းတွေကလည်း နေရာပေါ်မူတည်ပြီး အကြောင်းအရာ ဦးတည်ချက်ချင်း ကွာချင် ကွာပါလိမ့်မယ်။ လွှတ်တော်မှာတော့ လွှတ်တော်နဲ့ ပတ်သက်တဲ့ဟာတွေပဲ သူပြောသွားပါတယ်။ သူ့အတွေ့အကြုံနဲ့ယှဉ်ပြီး ရတဲ့အချိန်လေးမှာ သူလွှတ်တော်ရဲ့ ဖွဲ့စည်းပုံ၊ တည်ဆောက်ပုံလေးတွေကို ဆွေးနွေးတာရှိပါတယ်။ကျနော်တို့ကတော့ ၁၇ ဦးပေါ့၊ တိုင်းရင်းသားပါတီ အသီးသီးကပါ သူ့ကိုမေးချင်တဲ့ဟာလေးတွေ မေးကြတယ်ပေါ့လေ။

"အမေရိကန်လွှတ်တော်ရဲ့ အခြေအနေကိုလည်း သိချင်တယ်။ ဘာတွေလုပ်ကြတယ်၊ ဘယ်လိုလုပ်ကြတယ်ဆိုတာ အတွေ့အကြုံချင်းလည်း ဖလှယ်ချင်တယ်။ သူတို့ကလည်း ဖိတ်ပါတယ်။အခုမှဒီမိုကရေစီကို အစပျိုးကြတာကိုး။ ဘာပဲဖြစ်ဖြစ် အမေရိကန်ကတော့ နဂိုထက်စာရင် ကျနော်ထင်တယ်၊ နည်းပေါင်းစုံနဲ့တော့ အပြုသဘောဆောင်တဲ့ ချဉ်းကပ်မှုတွေနဲ့ ဦးတည်သွားနိုင်မယ်ထင်ပါတယ်။ ပျော့ပျောင်းပါတယ်၊ ကျနော်တို့မြင်တာက၊ အင်မတန် ပျော့ပျောင်းညင်သာကြပါတယ်။"

Mr.McCain ဟာ အခု ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ဆုံနေပြီး ဒေါ်အောင်ဆန်းစုကြည်နဲ့အတူ ဦးဉာဏ်ဝင်းနဲ့ဦးဟံသာမြင့်တို့ပါရှိနေပါတယ်။ ❖❖❖❖❖

# အမေရိကန် ၁ ဒေါ်လာကို မြန်မာငွေလဲနှုန်း၀ ၇၅၀ ကျပ်သတ်မှတ်ရန် ညှိနှိုင်း

**DVB၊ ၂ဂျွန်လ ၃။ ။** အမေရိကန်တဒေါ်လာကို မြန်မာငွေ ၇၅၀ ကျပ် တရားဝင်သတ်မှတ်ပေးဖို့ ပြည်တွင်းကုန်သည်ကြီးတွေနဲ့ စီးပွားရေးလုပ်ငန်းရှင်ကြီးတွေက အစိုးရကို ညှိနှိုင်းနေကြတယ်လို့ သိရပါတယ်။

လတ်တလော ဒေါ်လာဈေးဟာ တနေ့ တနေ့ ကျကျလာတာကြောင့် ပုံမှန်ဈေးတခုကို သတ်မှတ်ကြဖို့ ဝိုင်းဝန်းညှိနှိုင်းကြတာလို့ စီးပွားရေးလုပ်ငန်းရှင်တဦးက ပြောပါတယ်။ ပြီးခဲ့တဲ့အပတ်က အမေရိကန်ဒေါ်လာဈေးဟာ ၈၀၀ အထက်မှာရှိခဲ့ပေမယ့် အခုတပတ်အတွင်း ၇၈၀ အထိ ဈေးကျခဲ့လို့ ပြည်တွင်းလုပ်ငန်းရှင်တွေက တဒေါ်လာ ၇၅၀ မှာ ပုံသေသတ်မှတ်ဖို့ စဉ်းစားကြတာပါ။ လွန်ခဲ့တဲ့နှစ် ၅၀ လောက်ကတည်းက မြန်မာနိုင်ငံမှာ အမေရိကန် ဒေါ်လာဈေးကို အစိုးရအဆက်ဆက်က တဒေါ်လာ ၆ ကျပ်ခွဲ တရားဝင်သတ်မှတ်ခဲ့တာပါ။

အဲဒီလို တဒေါ်လာ ၆ ကျပ်ခွဲသတ်မှတ်ထားလို့လည်း မြန်မာနိုင်ငံမှာ အမေရိကန်ဒေါ်လာကို မှောင်ခိုဈေးကွက်မှာပဲ ရောင်းဝယ်နေကြတာပါ။ အစိုးရက အမေရိကန်တဒေါ်လာကို FEC တယူနစ်နဲ့ တန်ဖိုးညီမျှတယ်လို့ သတ်မှတ်ထားပေမယ့် မှောင်ခိုဈေးကွက်မှာတော့ FEC ဈေးဟာ အမေရိကန်ဒေါ်လာဈေး အောက် ၂၀ လောက် အမြဲကွာနေတာကြောင့် FEC ကို လူတွေက မသုံးချင်ကြဘူးလို့ သိရပါတယ်။ နိုင်ငံတကာမှာတော့ ရွှေ၊ ရေနံနဲ့ ငွေကြေးကို ပုံမှန်ဈေးတမျိုးတည်း သတ်မှတ်တန်ဖိုးဖြတ်လေ့မရှိပါဘူး။ နေ့စဉ်နဲ့အမျှပြောင်းလဲနေတဲ့ စီးပွားရေးအတက်အကျပေါ်မူတည်ပြီး ရွှေ၊ ရေနံနဲ့ငွေဈေးတွေဟာ အတက်အကျ ဖြစ်နေကြတာပါ။ မြန်မာနိုင်ငံမှာ အမေရိကန်ဒေါ်လာဈေးကို အများလက်ခံလောက်တဲ့ ဈေးတမျိုးသတ်မှတ်မယ်ဆိုရင် လတ်တလောရင်ဆိုင်နေရတဲ့စီးပွားရေးအကျပ်အတည်း တခုပြေလည်နိုင်ပေမယ့် ရေရှည်မှာတော့နိုင်ငံတကာငွေကြေးပြဿနာကို ဖြေရှင်းနိုင်မှာ မဟုတ်ဘူးလို့ စီးပွားရေးသမားတွေက ပြောပါတယ်။

တရားဝင်သတ်မှတ်လိုက်တဲ့ ဒေါ်လာဈေးဟာလည်း ပေါက်ဈေးသာရှိပြီး နေ့စဉ်အတက်အကျအပေါ်မှာသာ မှီတည်နေတဲ့ မှောင်ခိုဈေးကွက်ဟာ ဆက်ရှိနေဦးမှာမို့ ကိုယ့်ငွေကြေးကို တည်ငြိမ်စေချင်တယ်ဆိုရင် ကိုယ့်တိုင်းပြည်စီးပွားရေးတိုးတက်တည်ငြိမ်အောင်လုပ်ရမှာ ဖြစ်တယ်လို့ ဆိုပါတယ်။ လတ်တလော အမေရိကန်ဒေါ်လာဈေးကျနေလို့ ပြည်တွင်းလုပ်ငန်းကြီး တွေအားလုံးကမောက်ကမ ဖြစ်နေတယ်လို့ စီးပွားရေးလုပ်ငန်းရှင်ကြီးတဦးက ပြောပါတယ်။ အထူးအဖြင့် ပြည်ပကို ကုန်ပစ္စည်းတင်ပို့နေသူတွေ အထိအနာဆုံးလို့လည်း သူကပြောပါတယ်။သွင်းကုန်သမားတွေထဲမှာလဲ ဒေါ်လာဈေးတက်ချိန်က သွင်းခဲ့သူတွေအထိနာမှာဖြစ်သလို နိုင်ငံခြားမှာ အလုပ်လုပ်သူတွေနဲ့ပြည်တွင်း ဒေါ်လာစားတွေလဲ အထိနာကြမှာ ဖြစ်ပါတယ်။

မကြာခင်ကျင်းပမယ့် ကျောက်မျက်ရောင်းပွဲကလည်း ရှိနေသေးလို့ မြန်မာနိုင်ငံကို အမေရိကန်ဒေါ်လာတွေ လှိမ့်ဝင်လာပြီး ဒေါ်လာဈေးကလည်း တဒေါ်လာ ၇၅၀ အောက်အထိ ကျသွားနိုင်တယ်လို့ ရန်ကုန်စီးပွားရေးအသိုင်းအဝန်းမှာ သုံးသပ်နေကြပါတယ်၊ ဒီကနေ့ အမေရိကန်ဒေါ်လာဈေးက ၇၉၀ ကျပ်ဖြစ်ပြီး FEC ကတော့ တယူနစ် ၇၇၅ ကျပ်ဈေးပေါက်ပါတယ်။ ရွှေကတော့အခေါက်ရွှေ တကျပ်သားကို ၆၅၇၀၀၀ ကျပ် ဈေးပေါက်ပါတယ်။

# လယ်ဝေးမြို့နယ် ကြံစိုက်တောင်သူတချို့ လယ်မြေများ အဝမ္ပအသိမ်းခံရ

**RFA၊ ၂ဂျွန် ၁။ ။** နေပြည်တော်တိုင်း လယ်ဝေးမြို့နယ် ပင်သောင်အုပ်စုကကျေးရွာတွေမှာ ကြံစိုက်တောင်သူတွေပိုင်တဲ့ မြေဧက ၂၀၀ ကျော်ကို တောင်သူတွေပိုင်ဆိုင်မှု မပြနိုင်ဘူးဟုဆိုကာ စစ်တပ်အရာရှိနဲ့ စည်ပင်အာဏာပိုင်တွေပေါင်းပြီး သိမ်းယူခဲ့တယ်လို့ RFA က စုံစမ်းသိရှိရပါတယ်။

ကြံစိုက်မြေတွေအသိမ်းခံရတာနဲ့ပတ်သက်လို့ မြေအသိမ်းခံတောင်သူတွေအရေး ကူညီလုပ်ဆောင်ပေးနေသူတဦးက အခုလိုပြောပါတယ်။ "တရက်တလ နှစ်ထောင့်ဆယ့်တစ် ကစပြီးတော့ ၁ ရက် ၅ လ ၂၀၁၀ ထိပေ့ါ။ တောင်သူဦးရေ ၅၀ ရဲ့ ကြံစိုက်တဲ့မြေယာတွေအားလုံးပေါင်း ဧက ၂၀၀ ကျော် သူတို့ သိမ်းဆည်းပြီးပါပြီ။ နေပြည်တော်တိုင်း လယ်ဝေးမြို့နယ် ပင်သောင်အုပ်စုတွင် စကခ ၆ တပ်မလက်အောက်ခံတပ်ရင်း ခမရ ၆၀၅ မှ ဗိုလ်ကြီးသန်းဝင်းအောင်နှင့်မြို့နယ်မြေစာရင်းအဖွဲ့တို့ပူးပေါင်း၍ ဗိုလ်ချုပ်စိုးရှိန်၏ အမိန့်ဖြင့် တောင်သူများနှစ် ၂၀ခန့် ဓားမဦးချလုပ်နေသော မြေကွက်များကိုသိမ်းယူခဲ့ပါတယ်။"

အသိမ်းခံရတဲ့ မြေဧက ၂၀၀ ကျော်ဟာ အခွန်ဆောင်ပြီး စိုက်တဲ့ အစိုးရအမည်ပေါက်ရှိတဲ့ မြေတွေတော့ မဟုတ်ဘူးလို့ သိရပါတယ်။ ဒါပေမဲ့ ကြံစိုက်တောင်သူတွေ နှစ်ပေါင်း ၂၀ လောက်ကတည်းက ဓားမဦးချ စိုက်ပျိုးမြေအဖြစ် ခုတ်ထွင်ခဲ့တာလို့သိရပါတယ်။ အစိုးရပိုင်အမှတ် ၅ သကြားစက်အတွက် ခေတ်အဆက်ဆက် ကြံစိုက်ပျိုးပြီးထွက်ရှိတဲ့ ကြံတွေအားလုံးရောင်းချခဲ့ကြရသလို အစိုးရက စီမံ ကိန်းသီးနှံတွေစိုက်ပျိုးခိုင်းတဲ့ နှစ်တွေမှာလည်း စိုက်ပျိုးပေးရကာ အစိုးရထံသွင်းခဲ့တဲ့ တောင်သူတွေ လုပ်ကိုင်နေတဲ့ မြေဖြစ်ပါတယ်။

သိမ်းဆည်းခံတောင်သူတွေကို ဗိုလ်ချုပ် စိုးရှိန်ကလျော်ကြေးငွေ ပေးဆောင်ခဲ့တာမျိုးတွေရှိပေမဲ့ တဧကကို ကျပ်သုံးသောင်းခွဲလေးသောင်းလောက်သာပေးဆောင်ခဲ့ပါတယ်။ဒီလိုပေးဆောင်ရာမှာလည်း စစ်တပ်က ဗိုလ်ကြီးတဦးနဲ့ သက်ဆိုင်ရာ အုပ်ချုပ်ရေးမှူးတွေက ကြားပွဲစားလုပ်ပြီး ငွေဖြတ်ယူတာမျိုးတွေ ရှိတယ်လို့ သိရပါတယ်။

မြေအသိမ်းခံကြရတဲ့ကြံစိုက်တောင်သူအများစုဟာလျော်ကြေး မရပဲ အတော့်ကို နစ်နာနေရတဲ့အခြေအနေကိုလည်း စောစောက မြေအသိမ်းခံတောင်သူတွေအရေး အကူအညီပေးနေသူကပဲ အခုလိုဆက်ပြောပါတယ်။

"ဒီဗိုလ်ချုပ်တွေက သရက်ပင်ပြန်စိုက်မှာတဲ့မြေတဧကရဲ့ကာလပေါက်ဈေး နှစ်သိန်းကျော်တယ်၊ လျော်ကြေးပေးတော့ လေးသောင်းသုံးသောင်းခွဲလောက်ပဲ သူက အဲဒီလို ဖြတ်ပြီးတော့ပေးကြတာ။ ကြံတဧကစိုက်ရင် တန် ၃၀ ရတယ်ဗျ။ ကြံတန် ၃၀ ရတော့တတန်ကိုအခုဒီနှစ်ပေါက်ဈေးပေ့ါနော်အစိုးရဖြတ်ဈေးက တတန်ကို သုံးသောင်းရှိတယ်။ အများကြီး နစ်နာတာပေ့ါ။"

အခုလို မြေသိမ်းယူမှုတွေကို ဗိုလ်ကြီးသန်းဝင်းအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးနဲ့ မြေစာရင်းဌာနတို့ ပူးပေါင်းပြီး လယ်ဝေးမြို့နယ်ထဲက ပင်သောင်အုပ်စုအပြင် ပေါက်မြိုင်အုပ်စု၊ သစ်ကြိမ်းအုပ်စုနဲ့ သဲကြီးကုန်းအုပ်စုတွေမှာလည်း ဆက်လက် သိမ်းဆည်းနေတယ်လို့ သိရပါတယ်။

ကြံစိုက်တောင်သူတွေပိုင်တဲ့ မြေဧက ၂၀၀ ကျော် သိမ်းဆည်းခံခဲ့ရတာနဲ့ပတ်သက်တဲ့ ဖြစ်စဉ်တွေအားလုံးကို မြေအသိမ်းခံရတဲ့တောင်သူတွေ လက်မှတ်ရေးထိုးပြီး သမ္မတသစ်ဦးသိန်းစိန်အစိုးရထံ အခုရက်ပိုင်းအတွင်း စာရေးသားတိုင်ကြားဖို့ ပြင်ဆင်ဆောင်ရွက်နေတယ်လို့လည်းသိရပါတယ်။

# နယ်ခြားစောင့် လက်ခံတဲ့ ဒီကေဘီအေ ဌာနချုပ်ကို ဗိုလ်ချုပ်နှုတ်ခမ်းမွေးသိမ်း

**VOA ၊ မေ ၂၉ ။** ။ နယ်ခြားစောင့်တပ် ဖွဲ့စည်းရေးကို လက်မခံတဲ့ ဗိုလ်ချုပ် နှုတ်ခမ်းမွေး ဦးဆောင်တဲ့ DKBA တပ်ဖွဲ့တွေ၊ ကရင်အမျိုးသား လွတ်မြောက်ရေး ပူးပေါင်းတပ်တွေ အင်အား ၆၀၀ ကျော်လောက်ဟာ ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်ထဲက မြိုင်ကြီးငူမှာရှိတဲ့ DKBA ဌာနချုပ်ဟောင်း နေရာတခုလုံးကို ပြီးခဲ့တဲ့ရက်ပိုင်းမှာ ထိန်းချုပ်ထားလိုက်ပြီးနောက် ကရင်ပြည်နယ်အတွင်းမှာ မြန်မာအစိုးရတပ်တွေနဲ့ တိုက်ပွဲတွေဆက်ဖြစ်နေပါတယ်။ အပြည့်အစုံကို ဗွီအိုအေ ထိုင်းအခြေစိုက် သတင်းထောက် မအေးအေးမာက တင်ပြပေး ထားပါတယ်။

မြန်မာအစိုးရရဲ့နယ်ခြားစောင့်တပ် လုပ်ခိုင်းတာကို မကျေနပ်တာကစပြီး ကရင်ပြည်နယ်တခုလုံးမှာ တိုက်ပွဲသံတွေ ကြားနေရတာ ၇ လခန့်ရှိပြီလို့ဆိုရမှာပါ။ အခုအခါမှာတော့ အရင်တုန်းက ကရင်အမျိုးသားအချင်းချင်း တိုက်ခိုက်နေတဲ့ အဖွဲ့တွေဖြစ်တဲ့ DKBA၊ KNU နယ်ခြားစောင့်တပ်တွဟာ အတူတကွ မြိုင်ကြီးငူဒေသမှာ ပူးပေါင်းတပ်စွဲလိုက်ပြီလို့ ဆိုပါတယ်။ DKBA ၉၀၂ တပ်မှူး ဗိုလ်မှူးစောဆန်း အောင် ပြောပြတာကတော့...

"ကျနော်တို့ ဗိုလ်ချုပ်နှုတ်ခမ်းမွေးက တပ်ရင်းတရင်း၊ လက်ရှိတပ်မဟာ ၇ ဗိုလ်ချုပ်ဂျော်နီက တပ်ရင်းတရင်း၊ နောက် ဗိုလ်ဘိရဲ့ အင်အား ၄၀၀ ကျော်ရှိတယ်၊ စုစုပေါင်းဆိုရင် ၆၀၀ ကျော်မှာရှိတယ်။ မြိုင်ကြီးငူမှာ လက်ရှိကျနော်တို့ ဗိုလ်ဘိနဲ့ ဗိုလ်ချုပ် နှုတ်ခမ်းမွေးတပ်နဲ့ ဗိုလ်ချုပ်ဂျော်နီရဲ့ ရဲဘော်တွေပူးပေါင်းပြီးတော့ မြိုင်ကြီးငူဒေသကို ခြေကုတ်ထိုင်ထားတယ်။ မြိုင်ကြီးငူရဲ့ အရှေ့ဘက်ခြမ်း ဘားအံနားမှာတပ်တွေ အမြောက်အများ ဖြန့်ထားတယ်။"

ကရင်အမျိုးသား လွတ်မြောက်ရေးတပ် အောက်ခြေတပ်တွေဘက်ကတော့ DKBA နဲ့ စစ်ရေးအရ ပူးပေါင်းတိုက်ခိုက်မှုတွေရှိတယ်ဆိုတာ အတည်ပြုပြောကြားပါတယ်။

ပြီးခဲ့တဲ့ရက်တွေကပဲ DKBA စစ်ဦးစီးချုပ် ဗိုလ်ချုပ် ကျော်သန်းကို နယ်ခြားစောင့်တပ်တွေကပဲ ဖမ်းဆီးခဲ့တယ်လို့ ဗွီအိုအေက ထုတ်လွှင့်ခဲ့ပြီးဖြစ်ပါတယ်။ အခုအခါမှာ ဗိုလ်ချုပ်ကျော်သန်း ထွက်ပြေးလွတ်မြောက်သွားခဲ့ကြောင်း၊ ဘားအံမှာရှိတဲ့ မြန်မာစစ်တပ်ကို အကူအညီသွားတောင်းတာတွေ လုပ်နေကြောင်း DKBA ဘက်က ပြောပါတယ်။

"ဗိုလ်ချုပ်ကျော်သန်းထွက်ပြေးလွတ်မြောက်သွားပြီးဘားအံမှာ စစ်ကူသွားတောင်းတယ်။အဲဒီမြိုင်ကြီးငူဒေသကိုဝင်ရောက်ထိုးဖောက်တိုက်ခိုက်ဖို့အတွက် နအဖတပ်မတော်ကို စစ်ကူသွားတောင်းတယ်။ ဗိုလ်ချုပ်ထွန်းနိုင်ကို ပြန်ဖမ်းမိတယ်၊ နယ်စပ်တနေရာမှာ ထိန်းသိမ်းထားတယ်။"

မြန်မာအစိုးရနဲ့ အပစ်အခတ် ရပ်စဲရေး ရယူပြီး ၁၅ နှစ်အကြာ ပြီးခဲ့တဲ့နှစ်ကုန်မှာ နယ်ခြားစောင့်တပ် လုပ်ခိုင်းရာကစလို့ တိုးတက်သော ကရင်ဗုဒ္ဓဘာသာတပ်တွေနဲ့ မြန်မာအစိုးရကြား တင်းမာမှုတွေဖြစ်ခဲ့တာပါ။ ၇လကြာတဲ့အထိတိုက်ပွဲတွေ ဆက်တိုက်ဖြစ်ခဲ့တာကြောင့် ဒုက္ခသည်သောင်းနဲ့ချီပြီး ထိုင်းနိုင်ငံထဲကို ခိုလှုံလာရတာတွေလည်း ဖြစ်ခဲ့ရပါတယ်။

အခုအခါမှာတော့ ထိုင်း၊ မြန်မာနယ်စပ် ကရင်ပြည်နယ် ကော့ကရိတ်၊ ကနဲလေး၊ ဝါလေ၊ သေဘောဘိုး၊ စီးသဲလယ် စတဲ့နေရာတွေမှာ တိုက်ပွဲတွေ ၄ ပွဲထက်မနည်း မနေ့ညနေနဲ့ ဒီနေ့မနက်မှာ ဖြစ်ခဲ့ပါတယ်။ ကော့ကရိတ်က အစိုးရစစ်တပ် တပ်စွဲရာ ကော့ကရိတ် ချက်ပွိုင့်ကို ဝင်ရောက် ပစ်ခတ်မှုတွေ လုပ်ခဲ့တယ်ဆိုပြီး DKBA က ပြောပါတယ်။

"ဒီနေ့ညနေ ၄ နာရီ ၃၅ မိနစ်မှာ ကော့ကရိတ်ချက်ပွိုင့်၊ ကော့ကရိတ်နဲ့ အောက်ဘိုတဲအကြားစခန်းကို ကျနော်တို့ ဝင်ရောက်တိုက်ခိုက်တယ်။ သူ့တပ်ရင်းကတော့ ခလရ ၅၄၈ တပ်ရင်း။"

ဝါလေနဲ့ သေဘောဘိုး စတဲ့နေရာတွေမှာ ဖြစ်ပွားခဲ့တဲ့ တိုက်ပွဲတွေနဲ့ပတ်သက်ပြီး ဒေသခံတဦး ပြောပြတာကတော့...

"မနေ့ညနေက ၅ နာရီခွဲလောက်ပေါ့၊ သူတို့ ရင်ဆိုင်တိုက်ပွဲဖြစ်ပွားတယ်။ DKBA နဲ့ ခလရ ၃၂၁ ပေါ့၊ နအဖဘက်က အရာခံဗိုလ်တယောက်ဆုံးသွားတယ်၊ ၄ ယောက်တော့ ဒဏ်ရာရတယ်။"

အခုအခါမှာတော့ နယ်ခြားစောင့်တပ်အဖြစ် လက်ခံခဲ့တဲ့ တပ်တွေက သူတို့တပ်မှူးတွေကို ပြန်လည်ပုန်ကန်တဲ့ အနေနဲ့ဖမ်းဆီးမှုတွေလုပ်လာခဲ့ပါတယ်။ ဒီလို ဘာကြောင့် လုပ်လာရသလဲဆိုတာ ကတော့ နယ်ခြားစောင့်တပ်ဖွဲ့စည်းရေးကို အောက်ခြေဆန္ဒမပါဘဲ ခေါင်းဆောင်ပိုင်းက သဘောတူလက်ခံလာကြတာတွေကနေ တင်းမာမှုတွေ စခဲ့ကြတာပါ။

အရင်က ကရင်တော်လှန်ရေးမှာ ပါခဲ့ကြတဲ့ DKBA ခေါင်းဆောင်တချို့ကို အသက် ၅၀ ကျော်တယ်ဆိုပြီး အနားယူခိုင်းလိုက်တာတွေ၊ အဂ္ဂါရနယ်ခြားစောင့်အဖွဲ့တွေက အနားယူခိုင်းလိုက်တဲ့ ကရင်ခေါင်းဆောင်တွေ ပိုင်ဆိုင်တဲ့ အိမ်တွေ ပစ္စည်းတွေကို သွားရောက် သိမ်းယူတဲ့ အဖြစ်တွေ၊ နယ်ခြားစောင့်တပ်ကို လက်ခံတဲ့ခေါင်း ဆောင်ပိုင်းတွေ အနေနဲ့ စီးပွားရေးအခွင့်အလမ်းတွေရရှိပြီး အထက်နဲ့ အောက်ခြေကွာဟမှုတွေလည်း ဖြစ်ခဲ့ရပါတယ်။ အောက်ခြေတပ်တွေကတော့ နယ်ခြားစောင့် တပ်စခန်းတွေကို ဆောက်လုပ်ပြီး မြန်မာစစ်တပ်နဲ့တွဲပြီး ထားမယ့် အခြေအနေတွေကို လက်မခံလိုသူတွေလည်း တဖြည်းဖြည်း များလာနေပါတယ်။

DKBA တပ်သားတွေကြား သဘောထား ကွဲလွဲမှုတွေရှိလာ ခဲ့ပြီး အခုအခါမှာတော့ နယ်ခြားစောင့်တပ်ကို လက်မခံတဲ့ ကရင်လက်နက်ကိုင်အင်အားစုတွေဖြစ်တဲ့ KNU နဲ့ ဗိုလ်ချုပ်နှုတ်ခမ်းမွေး ဦးဆောင်တဲ့ DKBA အပြင် နယ်ခြားစောင့်တပ်အဖြစ် လက်ခံခဲ့တဲ့ ဗိုလ်ဘိ ဦးဆောင်တဲ့ DKBA တွေဟာ အချင်းချင်းပူပေါင်းသွား ကြပြီး စစ်ရေးအရ ပူးပေါင်းဆောင်ရွက်ဖို့အတွက် သဘောတူ လာခဲ့ကြတာလည်း ဖြစ်ပါတယ်။

---

**စာမျက်နှာ ၂ မှ**

သူ့အဖြေကတော့ တရုတ်နိုင်ငံမှာ နိုင်ငံရေးလွတ်လပ်ခွင့်နဲ့ ပတ်သက်တဲ့ အမေးပဲ ဖြစ်ပါတယ်။

"တရုတ်ခေါင်းဆောင်တွေကို ကျမ ပါးလိုတဲ့ အမှာစကားကရှင်းပါတယ်။ တရုတ်နိုင်ငံဟာ အောင်မြင်တိုးတက်နေတဲ့နိုင်ငံပါ။ ဒါကြောင့် သဘောထားကြီးနိုင်သလို ခြေလှမ်းသစ်တွေကိုလည်း ယူမယ်ဆိုရင်ယူနိုင်ပါတယ်။ လူတွေဆီက တင်ပြမှုအမျိုးမျိုးကိုလည်း ခွင့်ပြုသင့်ပါတယ်။ တရုတ်နိုင်ငံဟာ တိုးတက်တဲ့နိုင်ငံဖြစ်သလို ကိုယ်တိုင် အောင်မြင်မှုကိုလည်း တခြားသူတွေကိုမျှဝေပါ။" လို့ ဒေါ်အောင်ဆန်းစုကြည်က ပြောသွားပါတယ်။

# ဗမာပြည် နိုင်ငံရေးလောကမှာ ဖန်တို့တမ်း ကစားခြင်း

**ရဲဘော် ဖိုးသံချောင်း**

**မဇ္ဈိမ အင်တာနက်စာမျက်နှာမှ ကူးယူဖော်ပြပါသည်**

ငယ်ငယ်တုန်းက ဖန်တို့တမ်း ကစားကြတာကို မှတ်မိကြမယ် ထင်ပါတယ်။ ကိုယ့်ဘက်ကနေ တဘက်နယ်မြေထဲ စွန့်ဝင်ပြီး တဘက်ကလူကို ခေါင်းတချက်ပုတ်၊ ပုခုံးတချက်တို့ပြီး ကိုယ့်ဘက်ထဲ ပြန်ပြေးလာကြတာပါ။ တဘက်ကလည်း ဝင်လာမယ့်လူကို ဝင်လာချင်အောင် နောက်ဆုတ်ပေးဟန်ပြ၊ နေရာကွက်လပ် ဖန်တီးပေး၊ မြှူခေါ်ပြီး ခေါင်းတချက်ပြန်ပုတ်လို့ ရအောင် ကြိုးစားကြပါတယ်။

တနေ့ကပဲ အမေရိကန်ဆီနိတ်တာ မက်ကိန်းဟာ ကြံ့ဖွတ်အရပ်ဝတ်စစ်အစိုးရကို ခေါင်းတချက်ပုတ်ပြီး သူ့နယ်ထဲကိုပြန်ဝင်သွားပါပြီ။ နောက်ပြီး ကြပ်ပြေးမှာရော ရန်ကုန်မှာပါ လူတွေ၊ အဖွဲ့အစည်းတွေ တော်တော်များများကို ခေါင်းပုတ်၊ ပုခုံးတို့သွားပါတယ်။ ဒီဘက်က ပြန်ပုတ်ဖို့ ကြိုးစားကြတာတွေလည်းတွေ့ရပါတယ်။ ဒါပေမဲ့ ဘယ်ပုတ်ချက်တွေက ထိရောက်တယ် ဆိုတာကတော့စောင့် ကြည့်ရမလို ဖြစ်နေပါတယ်။ထူးခြားတာကပြည်တွင်းကတချို့လူတွေဟာမက်ကိန်းလာတဲ့အခါမှာ မက်ကိန်းကို မပုတ်ပဲ ကြံ့ဖွတ်အစိုးရကို လှမ်းပုတ်တာတွေ့ရပါတယ်။ ဥပမာ သူတို့ဟာ မက်ကိန်းနဲ့ တွေ့ဆုံ စကားပြောရာမှာ ဆန်ရှင်ခေါ် ပိတ်ဆို့မှုတွေ ဖွင့်ပေးရေးပြောတာပါ။ သူတို့ဟာမက်ကိန်းကို သိစေချင်တာထက် အရပ်ဝတ်စစ်အစိုးရကို သူတို့ အစိုးရဘက်မှာရှိကြောင်း သိစေချင်တာကပိုများနေတယ်ဆိုတာထင်ရှားနေပါတယ်။

ဗမာပြည်နဲ့အမေရိကန်တို့ရဲ့လက်ရှိ ဆက်ဆံရေးအခြေအနေမှာဖန်တို့သလို အကဲစမ်းတာတွေ၊ ဘယ်ခြောက်ကာ ခြေလှမ်းတာတွေ လုပ်နေကြရဦးမယ်ထင်ပါတယ်။ နိုင်ငံရေးအကျဉ်းသားတွေကို လွှတ်ပေးသယောင်ယောင်လုပ်တာ၊ နဂိုက ကိုယ့်နိုင်ငံအတွင်းဝင်ခွင့်မပေးတဲ့ နအဖရဲ့နောက်လိုက် ခရိုနီသူဌေးတွေရဲ့ ဆွေမျိုးတချို့ကို လာပြီးဆေးကုသခွင့်ပေးတာ စတာတွေဟာ တဘက်ကမြှူပြီး တဘက်ကပုတ်တာတို့တာတွေကို နှစ်ဘက်စလုံးက ဖော်ပြနေတာ ဖြစ်ပါတယ်။ အခုအထိတော့ နှစ်နိုင်ငံရဲ့သံတမာန်ရေး လှုပ်ရှားမှုတွေဟာ ဟန်ရေးပြတဲ့ လက္ခဏာပိုဆောင်နေပါသေးတယ်။

ဒါပေမဲ့ ဖန်တို့တမ်း ကစားတာနဲ့မတူတဲ့အချက်က ဖန်တို့တမ်းဟာ နှစ်ဘက်၊ နှစ်ဖွဲ့အကြား ကစားတာဖြစ်ပြီး ဆီနိတ်တာမက်ကိန်းရဲ့ခရီးလိုဟာကတော့ တခြားအဖွဲ့တွေကိုပါ ထည့်တွက်ရတယ်ဆိုတာပါပဲ။ ဝါရှင်တန်ရောကြပ်ပြေးပါဒီပွဲမှာတဘက်သားကိုအကဲစမ်းတာလုပ်ရင်း တရုတ်နဲ့အိန္ဒိယအပါအိမ်နီးနားချင်းနိုင်ငံတွေက ဘယ်လိုသဘောထားဖော်ပြမလဲဆိုတာကိုလည်း မပြတ်အကဲခတ်နေရပါတယ်။ အခုလောက်နဲ့တော့ တခြားတတိယနိုင်ငံတခုကအသံထွက်လာနိုင်စရာမရှိသေးပါဘူး။ ဒါပေမဲ့ ဒီနေ့လို အာရှတိုက်တောင်ပိုင်းနဲ့ အရှေ့ပိုင်းမှာတင်းမာမှုတွေ စမြင်ရနေချိန်မှာ ဒီခရီးစဉ်ကို ဥပက္ခာပြုထားကြလိမ့်မယ်လို့ ယူဆရင် ညံ့လွန်းရာကျပါမယ်။

ကြံ့ဖွတ်အစိုးရဆိုတာ ပေါ်လာတာနဲ့ တပြိုင်နက် ဒီဦး၊ ဗိုလ်ချုပ်တွေလုပ်တဲ့ ပထမဆုံးနိုင်ငံခြားရေးခြေလှမ်းဟာ အမေရိကန်နဲ့တရုတ်အကြားမှာ ကစားဖို့ လုံးပမ်းတာပဲဆိုတာ သတိထားသင့်ပါတယ်။ ဒါဟာ မဆလအစိုးရကစလို့ နဝတ-နအဖအလယ် ဒီနေ့အထိ ဗမာပြည်မှာတည်ရှိခဲ့တဲ့ စစ်အစိုးရ အဆက်ဆက်အလူး အလဲလုံးပမ်းကြတဲ့အစဉ်အလာသံတမာန်ရေးလုပ်ငန်းလိုတရပ်ဖြစ်နေပါတယ်။သာမန်နိုင်ငံတခုဆိုရင် ဒါဟာ ဘာမှပြောစရာမရှိပါဘူး။ အရင်ကလည်း ဘက်မလိုက်လှုပ်ရှားမှု၊ တတိယ ကမ္ဘာလှုပ်ရှားမှု ဆိုတာတွေရှိခဲ့တာပါပဲ။ ဒါပေမဲ့ ပြဿနာက အခုအခါမှာ

ဒီပြင်နိုင်ငံတွေက "ကျနော်ဟာ ဘက်မလိုက်နိုင်ငံ ပါခင်ဗျ"ဆိုပြီး လှုပ်ရှားပြ၊ ထောက်ခံမှုရှာတာတွေလုပ်တာ မတွေ့ရပဲကြံ့ဖွတ်အစိုးရကမှ ဒီလိုလုပ်နေတာဟာ ဘာကြောင့်လဲလို့ မေးစရာရှိနေပါတယ်။ တခြားလူတွေအနေနဲ့ ကိုယ့်ရပ်တည်မှုကို နိုင်ငံတကာ အလယ်မှာ တကြိမ်၊ နှစ်ကြိမ် ဖော်ပြလိုက်ရင်ကိစ္စ အေးသွားပေမဲ့ ဗမာပြည်က စစ်အစိုးရတွေမတော့ လှေနံနှစ်ဘက်ကို ခက်ခက်ခဲခဲ နင်းနေရသလို ဟန်ချက်ကို ရှာလို့မရဘူးဖြစ်နေပါတယ်။ ဒါမျိုးဆိုတာက တခါဟန်ချက်ပျက်သွားရင် ဟန်ချက်ကို ပြန်ထိန်းဖို့ ခက်တတ်သလိုကိုယ်ကိုယ်တိုင်ကလည်း တည်တည်ငြိမ်ငြိမ် ဖြစ်ဖို့လိုပါတယ်။ ဗမာပြည်လို ပြည်တွင်း တည်ငြိမ်မှုမရှိတဲ့ နိုင်ငံ၊ လှေနံတွေ အများကြီး နင်းချင်တဲ့ အစိုးရ၊ လှေကြီးပေါ် လှေငယ်တင်သလို အတုအယောင် အစိုးရတွေ ဆင့်ထားချင်တဲ့ အစိုးရတရပ်အနေနဲ့ တည်ငြိမ်တဲ့ ဟန်ချက်တခု မရနိုင်တာ မဆန်းပါဘူး။ သူတို့လုပ်တာတွေအတွက် သူတို့ခံနေရတာပါ။

ပိုဆိုးတဲ့ အကြောင်းရင်းတခုက ကြံ့ဖွတ် အစိုးရအနေနဲ့ အခုလို အသိအမှတ်ပြုမှုတွေ ရှာနေတာဟာ ပြည်သူလူထု အကျိုးအတွက် မဟုတ်ပဲ အာဏာရစစ်ဗိုလ်ချုပ်တွေနဲ့ သူတို့ရဲ့နောက်လိုက် ခရိုနီ သူဌေးတွေရဲ့အကျိုးအတွက် မလည်ရှုပ်လုပ်နေ ဖြစ်တယ်ဆိုတာပါပဲ။ နိုင်ငံကြီးတွေအကြားမှာ ကိုယ့်သိက္ခာနဲ့ ကိုယ်တည်တည်ငြိမ်ငြိမ် ရပ်တည်နေတယ်ဆိုရင် ပြည်သူ လူထုကိုမထိခိုက်ပါဘူး။ ဒါပေမဲ့ ကိုယ့်အကြံအစည်းနဲ့ကိုယ် နိုင်ငံကြီးတွေအကြားမှာ မဖြစ်ညစ်ကျယ် ကစားတယ်ဆိုရင်တော့ ကြားညပ်ပြီးတိုင်းပြည်နာတတ်ပါတယ်။

တကယ်ကျတော့ ဒီနေ့ဗမာပြည်နဲ့ အနီးဆုံးဖြစ်တဲ့ တောင်အာရှတိုက်နဲ့အာရှတိုက် အရှေ့ပိုင်းတို့မှာ မငြိမ်မသက်ဖြစ်မှုတွေ၊ တင်းမာမှုတွေ မြင်တွေ့နေရပါတယ်။ ဘင်လာဒင် အသတ်ခံရပြီးတဲ့ နောက်မှာ တာလီဘန်များရဲ့ လက်စားချေရေးလှုပ်ရှားမှုတွေ တိုးများလာရုံမက ပါကစ္စတန်နဲ့ အမေရိကန်တို့အကြား ဆက်ဆံရေး တင်းမာလာပါတယ်။ ဒါနဲ့ တဆက်ထဲ အိန္ဒိယ၊ တရုတ်တို့ကလည်း ဒီခြေအနေကို အာရုံစိုက်ပြင်ဆင်လာနေကြပါတယ်။ တောင်ကိုရီးယားနဲ့ မြောက်ကိုရီးယား ပြဿနာဟာ လိုဏ်ခေါင်းအဆုံးက အလင်းရောင်လေးကိုတောင် မမြင်ရသေးတဲ့အပြင် ဂျပန်မှာငလျင်နဲ့ ဆူနာမီဝင်ဆောင့်လိုက်တော့ ကိစ္စတွေက ပိုရှုပ်ကုန်ပါတယ်။ တောင်တရုတ်ပင်လယ်မှာ ပင်လယ်ထဲက ကျွန်းလေးတွေအတွက် ပတ်ဝန်းကျင်က နိုင်ငံတွေအကြားမှာတင်းမာမှုတွေပေါ်လာနေချိန်မှာ အမေရိကန်က အဲဒီဒေသမှာရှိတဲ့ သူ့ရေတပ်

**စာမျက်နှာ ၁၂ သို့**




## သတင်းဖြစ်စဉ်

**မေ ၂၇။** BEJING, XNA ။ ။ တရုတ်နှင့်မြန်မာတို့သည် နည်းပညာပူးပေါင်းဆောင်ရွက်ရေး ဖက်ဆပ်လုပ်ဆောင်မှုကြီးများ ကြီးမားသိသာပေါ်လွင်ကြောင်း တရုတ်ဝန်ကြီးချုပ် Wen Jiabao မှဆို၏။ တရုတ်ပြည်ရောက် မြန်မာဝန်ကြီးချုပ် ဗိုလ်ချုပ်ဟောင်းဦးသိန်းစိန်နှင့်တွေ့ဆုံစဉ်ပြောခြင်းဖြစ်၏။

**မေ ၂၇။** XNA ။ ။ တရုတ်မှ ချယ်ရီကားလုပ်ငန်းသည် မြန်မာတွင် တနှစ်လျှင် QQ3 အမည်ကားသေးအစီး ၃၀၀၀ မှ ၅၀၀၀ ခန့် တပ်ဆင်ထုတ်လုပ်မည့်စက်ရုံ တည်ရန် စီစဉ်နေ၏။ ကားဝယ်ရန် မြန်မာမှကားအစီးတသောင်း အော်ဒါရထားကြောင်း။

**မေ ၂၈။** BEIJING, PTI ။ ။ တရုတ်သည် မြန်မာတွင် ဒေါ်လာ သန်း ၇၆၀ ငွေကုန်ပြီးယူနန်ပြည်နယ်မှ မူဆယ်ကိုဖြတ်၍ ကျောက်ဖြူသို့ ရထားလမ်းပူးတွဲဖောက်ရန် နှစ်နိုင်ငံသဘောတူခဲ့၏။

**မေ ၂၉။** The Economist, Gulf News ။ ။ မြန်မာအပေါ်ပိတ်ပင်မှု စိုင့်ရှင်များသည် ရလာဒ်မကောင်းသလို စစ်ချုပ်ကိုင်မြန်မာအစိုးရသည် ယင်းပိတ်ပင်မှုများ ကိုရပ်ဆိုင်းမှုနှင့်လည်းမထိုက်တန်ကြောင်း။

**မေ ၃၀။** HK-Rtr ။ ။ မကြာခင်လများအတွင်း အစိုးရအားဝေဖန်သူများနှင့် သဘောကွဲလှုပ်ရှားသူများအား ဖိနှိပ်မှုများစွာပြုလုပ်နေချိန်တွင် ပိုမိုပွင့်လင်းရန်နှင့် သည်းခံရန် တရုတ်ကွန်မြူနစ်ခေါင်းဆောင်များအား ဒေါ်အောင်ဆန်းစုကြည်မှတိုက်တွန်း၏။

**မေ ၃၀။** Time Mag., NYT ။ ။ နွေတွင် နယ်များသို့ ခရီးထွက်ရန်စီစဉ်နေကြောင်း ဒီမိုကရေစီလှုပ်ရှားစီစဉ်သူ ဒေါ်အောင်ဆန်းစုကြည်မှ အတည်ပြုပြောဆို၏။

**မေ ၃၀။** Mizzima, BMA ။ ။ မေ ၃၀ ဒီပဲယင်းသတ်ဖြတ်ခံရမှုအထိန်းအမှတ်ကို မန္တလေးနှင့်ပြည်တွင်းပြည်ပမြို့များတွင် ဆွမ်းကပ်ပွဲများကျင်းပ၏။

**မေ ၃၁။** Mizzima ။ ။ ဆေးရုံ ငါးရက်တက်ခဲ့ရပြီး ဦးဝင်းတင်သည် ဆေးရုံမှပြန်ဆင်းလာ၏။

**မေ ၃၁။** DVB ။ ။ နယ်ခြားစောင့်တပ်သား ၅၀၀ ခန့်သည် နယ်ခြားစောင့်တပ် ယူနီဖေါင်းစွန့်ကာ ကရင်တပ်ယူနီဖေါင်းများ ပြန်ဝတ်နေ၍ ဒီကေဘီအေလား နယ်ခြားတပ်လား ဆုံးဖြတ်ရွေးချိန်ကျနေ၏။

**မေ ၃၁။** AsiaNews ။ ။ ဟောင်ကောင်တက္ကသိုလ်နှင့်ဗွီဒီယိုမေးဖြေခန်းတွင် ဒေါ်အောင်ဆန်းစုကြည်သည် တရုတ်ပြည်ခေါင်းဆောင်များအား အဲန်အဲလ်ဒီနှင့်ဆွေး နွေးရန်တိုက်တွန်းဖိတ်ခေါ်၏။

**မေ ၃၁။** MAESOT ။ ။ မြန်မာသို့ သွားမည့် အမေရိကန်အထက်လွှတ်တော်အမတ် John McCain သည် နယ်စပ်ရှိဒုက္ခသည်စခန်းများနှင့် မယ်တော်ဆေးခန်းကို သွားပြီးနောက် ချီးမွမ်းပြီး ရံပုံငွေပိုထည့်ရန်လိုကြောင်းဖြင့်ဆို၏။

**မေ ၃၁။** DVB ။ ။ သက်ရှိပုဂ္ဂိုလ်များအနက် ဒေါ်အောင်ဆန်းစုကြည်သည် မိမိအလေးစားဆုံးပုဂ္ဂိုလ်ဟုဆိုခဲ့သည့် အမေရိကန်အထက်လွှတ်တော်အမတ် ဂျွန် မက်ကိန်းသည် မြန်မာ၏ ဒီမိုကရေစီသို့ကူးပြောင်းရေး ကတိ တိုးတက်မှုအခြေအနေကိုသုံးသပ်ရန် ယနေ့နေပြည်တော်သို့ရောက်၏။

**ဂျွန် ၁။** Nation, BKK ။ ။ မြောက်ကိုးရီးယားနှင့်မြန်မာ စသည့် အိမ်နီးချင်းနိုင်ငံများ ပိုမိုဒီမိုကရေစီဆန်ရန်ဖိအားပေးရေးတွင် တိုးတက်ဆဲနိုင်ငံသစ်တခုအဖြစ် တရုတ်ပြည်၏တိုးတက်မှုနေးကွေးမှုအပေါ် အားမရကြောင်း ဂျွန်မက်ကိန်းမှ ယမန်နေ့ကဘန်ကောက်တွင်ဆို၏။

**ဂျွန် ၁။** Mizzima ။ ။ ဘန်ကောက်ပို့စ်နှင့်နေးရှင်း ထိုင်းထုတ် အင်္ဂလိပ်ဘာသာသတင်းစာများကို မြန်မာတွင် ယနေ့မှစ၍ ကန့်သတ်ဖြန့်ချိ၏။

**ဂျွန် ၁။** DVB ။ ။ မြန်မာအတိုက်အခံနိုင်ငံရေးပါတီ၏ မိမိတို့အဖွဲ့ဝင်များ၏ ဆည်းပူးပညာပိုင်းဆိုင်ရာအရည်အသွေး တိုးမြှင့်ရေးအစီအစဉ်တစိတ်တဒေသအရ ဟောင်ကောင်နှင့်စင်္ကာပူတက္ကသိုလ်ပညာရှင် ဂျွန်လကုန်ပိုင်းတွင် မြန်မာသို့သွားမည်။

**ဂျွန် ၁။** GENEVA, VOA ။ ။ လူ့အခွင့်အရေးအဖွဲ့ Freedom House ၏ လူ့အခွင့်အရေးအဖောက်ဖျက်ဆုံး ၁၇ နိုင်ငံစာရင်းတွင် မြန်မာလည်းပါ၏။

**ဂျွန် ၁။** BP ။ ။ အိမ်မြေဒေသပျောက်မြန်မာများအား အမိနိုင်ငံသို့ပြန်စေခြင်း အငြင်းပွားပြဿနာကို ထိုင်းအစိုးရသည် သတိနှင့်ကိုင်တွယ်မည်ဟု ယုံကြည်ချက်ရှိ ကြောင်း အမေရိကန်အထက်လွှတ်တော်အမတ် ဂျွန်မက်ကိန်းမှဆို၏။

**ဂျွန် ၂။** RTTNews ။ ။ စင်္ကာပူရောက် ဂျာမန်အထက်လွှတ်တော် Angela Merkel သည် မြန်မာအစိုးရအား လူ့အခွင့်အရေးကို ထိန်းသိမ်းကာကွယ်ရန် တိုက်တွန်း၏။

**ဂျွန် ၂။** La Crosse ။ ။ နှစ်ပတ်ခန့်မှစ၍ အစာတော်ခံဆန္ဒပြနေသော နိုင်ငံရေးအကျဉ်းသားများကျန်းမာရေးအခြေအနေအတွက်စိတ်ပူကြောင်း ဒေါ်အောင်ဆန်းစု ကြည်မှဆို၏။

**ဂျွန် ၂။** Huffington Post ။ ။ ဒေါ်အောင်ဆန်းစုကြည်သည် ဘယ်အချိန်ကာလတွင် ပိတ်ပင်မှုစိုင့်ရှင်များကို ကိုင်တွယ်မည်နည်းဟု သတင်းစာမှဝေဖန်၏။

**ဂျွန် ၂။** Straits Times ။ ။ စင်ကာပူတွင် မိမိအိမ်ဖော် မမိုးမိုးမြင့် ၂၈ အား ၂၀၀၉ မှစ၍ အကြိမ်ကြိမ်ရိုက်နှက်နှိပ်စက်ခဲ့မှုဖြင့် Ang Yeng Mee ၃၅ နှစ်အား အမှုရှစ်မှုဖြင့်စွဲဆိုထား၏။

**ဂျွန် ၂။** Mizzima ။ ။ ဒေါ်အောင်ဆန်းစုကြည်၏ မြန်မာပြည်ခရီးစဉ်တွင် လုံခြုံရေးစီစဉ်ပေးရန် အဲန်အဲလ်ဒီ၏ ဒုတိယအကြိမ်နိုင်ငံလုံးဆိုင်ရာ လူငယ်များဆွေးနွေးပွဲ မှ အာဏာပိုင်များသို့တောင်းဆို၏။

**ဂျွန် ၂။** Mizzima ။ ။ မြစ်ဆုံဆည်မှ ခရီယန်ချာချ်မှ ၁၅ ပေမြင့်ကားစင်ကို နေရာရွှေ့ရန် ဒုတိယအကြိမ်အဖြစ် မေ ၃၀ တွင် အပြီးလုပ်ရမည်ဟု ကချင်ပြည်နယ်ဝန်ကြီး လဂွန်ငွှန်းမှ အထက်အမိန့်အရ ဒေသခံများအားအမိန့်ပေး၏။

**ဂျွန် ၂။** Mizzima ။ ။ ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်လှမင်းသည် ရှန်ဂရီလာဆွေးနွေးပွဲအမည်ဖြင့် ဆယ်ကြိမ်မြောက်အာရှလုံခြုံရေးဆွေးနွေးပွဲသို့တက် မည်။

**ဂျွန် ၂။** DVB ။ ။ တရုတ်ရေတပ်အား မြန်မာသည် မိမိရေကြောင်းနှင့်ဆိပ်ကမ်းများကို တရားဝင်သုံးခွင့်ပေးခဲ့လျှင် အိန္ဒိယအတွက် ဘက်စုံစိုးရိမ်ဖွယ်တခုတိုး ကြောင်း Francis Wade မှ သတင်းဝေဖန်၏။

စာမျက်နှာ ၁၃ သို့

# အာရှတော်ဝင်ဆေးခန်းမှ ဦးဝင်းတင် ပြန်ဆင်းလာပြီ ကျန်းမာရေးကောင်းမွန်

**Mizzima ၊ ၆မေ ၃၁ ။ ။** လေးညကြာ အာရှတော်ဝင်ဆေးရုံတွင် အတွင်းလူနာအဖြစ် တက်ရောက်ကုသမှုခံယူခဲ့ရသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ခေါင်းဆောင်ဦးဝင်းတင် တနင်္လာနေ့ ညနေက ဆေးရုံမှပြန်ဆင်းလာနိုင်ပြီဖြစ်သည်။

"အနာတွေကတော့နာတုန်းမို့ ဆေးထည့်ဘာထည့်နဲ့ လုပ်နေရမှာပဲ။ ရေယုန်တွေပေါက်တာဗျ။ အပြင်မှာ ဆရာဝန်တယောက်နဲ့ ကုနေတာ။နေ့တိုင်းလာကြည့်ပေးတယ်"ဟုဦးဝင်းတင်ကမဇ္ဈိမကိုပြောသည်။ ဦးဝင်းတင်မှာ ကြာသပတေးနေ့က ရုတ်တရက် ဆေးရုံတက်ခဲ့ရပြီးနောက် အသဲနှလုံးကျောက်ကပ် ရင်ခေါင်းနှင့်အစာအိမ် စစ်ဆေးမှုများပြုလုပ်ခဲ့ရသည်။

" အာထရာဆောင်း Ultrasound တွေဘာတွေရိုက်ပေါ့။ အဲဒါတွေအားလုံးကောင်းပါတယ်။ နှလုံးစက်တပ်ထားတဲ့ အခြေအနေကလည်း ခုထိတော့ သူ့ဟာနဲ့သူ အလုပ်လုပ်နေတာပဲ။"

အသက် ၈၁ နှစ်ရှိဦးဝင်းတင်မှာ ယခုအခါ ကျောက်ကုန်းနေအိမ်တွင်အနားယူနေပြီး နှလုံးနှင့်ရင်ကျပ်ရောဂါဆိုင်ရာ ဆေးဝါးများကို နေ့စဉ်သောက်သုံးလျက်ရှိကာ အာရှတော်ဝင်ဆေးရုံမှ ပါမောက္ခဒေါက်တာ ဒေါ်ချိုလေးမာနှင့် လစဉ်ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်ရမည်ဖြစ်သည်။

"ရုံးကတော့ ကျန်းမာရေးကောင်းတာနဲ့တက်မှာပါပဲ။ အလုပ်လုပ်ရမှာကိုး။ သို့သော် မကောင်းဘဲနဲ့တက်ရမှာကလည်း လူမြင်မကောင်း သူမြင်မကောင်းပေါ့ဗျာ။ တွဲပြုသွားရတာတို့ ကျနော်သိပ်မလုပ်ချင်ဘူး။ ကိုယ့်တုတ်ကောက်နဲ့ကိုယ် သွားတာလောက်ပဲလုပ်ချင်တာ။ ၄-၅ ရက်ဆိုရင် ကောင်းသွားမယ်ထင်ပါတယ်"

မကြာမီလပိုင်းအတွင်းစတင်တော့မည့်ဒေါ်အောင်ဆန်းစုကြည်၏ နယ်လှည့်ခရီးများတွင် ဦးဝင်းတင်အနေဖြင့် လိုက်ပါမည်မဟုတ်ဘဲ ဌာနချုပ်တွင်သာရှိနေပေးမည်ဖြစ်ကြောင်းလည်း ဦးဝင်းတင်က ပြောသည်။

## နိုင်ငံပိုင်အဆောက်အဦးများကို ဟိုတယ်လုပ်

**DVB ၊ ၅ွန်လ ၂ ။ ။** ရန်ကုန်တိုင်း၊ မင်္ဂလာဒုံမြို့နယ်အတွင်းမှာ ဟိုတယ်ဇုန်တခုတည်ဆောက်ဖို့ရှိပြီး၊ ရန်ကုန်က နိုင်ငံပိုင်အဆောက်အဦးတွေကို ဟိုတယ်တွေအဖြစ် အမြန်ပြင်ဆင်ပြောင်းလဲဖွင့်လှစ်ဖို့ရှိကြောင်း မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌဦးခင်ရွှေကပြောပါတယ်။

တည်ရှိပြီး နိုင်ငံပိုင်အဆောက်အဦတွေကို ဟိုတယ်တွေအဖြစ် ပြင်ဆင်ဖွင့်လှစ်ဖို့လုပ်မှသာ ဟိုတယ်ခန်းအရေအတွက် အမြန်ဆုံးတိုးပွားများပြားလာမှာ ဖြစ်တယ်လို့ ဆိုပါတယ်။

"နိုင်ငံပိုင်အဆောက်အဦးတွေကို အမြန်ဆုံး ဟိုတယ်ခန်းတွေလုပ်ဖို့လည်း proposal တွေတင်ထားတယ်၊ ဘယ်အဆောက်အဦးတွေလည်းဆိုတာ ပြောလို့တော့မရဘူး၊ ဘယ်လိုပဲဖြစ်ဖြစ် လာမယ့်နှစ်မှာ များလာမယ့်ခရီးသွားကို ပြင်ဆင်ထားဖို့လိုတယ်လေ၊ မပြင်ဆင်ထားရင် လာပြီးတော့တည်းစရာမရှိ၊ သူတို့ကို ညှော်ခံဖို့ အရည်အချင်းမီတဲ့ ဝန်ထမ်းတွေက မရှိ။ အဲလိုမျိုး ဖြစ်မှာစိုးလို့ ဒီမိုးတွင်းမှာ ပြင်ဆင်နေတာပါပဲ"။

ရန်ကုန် ဟိုတယ်ဇုန်တည်ဆောက်ဖို့အတွက် လေယာဉ်ကွင်းနဲ့နီးတဲ့ မင်္ဂလာဒုံမြို့နယ်ထဲကို ရွေးချယ်အဆိုပြုထားပြီးခွင့်ပြုချက်ရတာနဲ့ အမြန်ဆုံး တည်ဆောက်သွားမယ်လို့လည်းဆိုပါတယ်။ ဟိုတယ်ဇုန်တွေထဲမှာ ဟိုတယ်တွေ၊ စားသောက်ဆိုင်တွေ၊ အမှတ်တရပစ္စည်းအရောင်းဆိုင်တွေ၊ ဖျော်ဖြေရေးတွေ၊ ညှော်သည်တွေအတွက်လို အပ်တာတွေအားလုံးရှိအောင် စီစဉ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ဟိုတယ်အသစ်တွေတည်ဆောက်နိုင်ဖို့အတွက် ဘဏ်ချေးငွေရရှိရေး ဆွေးနွေးထားပြီး ဖြစ်တယ်လို့ ဦးခင်ရွှေကပြောပါတယ်။

"ဆွေးနွေးတယ်ဆိုတာက project loan (ချေးငွေ) သဘောမျိုး၊ အန်ကယ်တို့က တာဝန်ယူပြီးတော့ ဘဏ်ထဲက ချေးပေးပါ့မယ်ဆိုတဲ့သဘော မျိုးပေါ့ လောလောဆယ် ဆွေးနွေးပါတယ်။ မြန်မာ့စက်မှုဖွံ့ဖြိုးရေးဘဏ်မှာလည်း အဲဒီလိုမျိုးပဲ။ အပေါင်ပစ္စည်း ဘဏ်ကို ပေါင်စရာမလိုဘူး။ project loan သဘောမျိုး အန်ကယ်က တာဝန်ယူပေးရင်း ချေးပေးတဲ့သဘောမျိုး၊ အကောင်အထည်ဖော်ဖို့များတယ်၊ စတောင်လှုပ်ရှားနေပြီ"။

ရန်ကုန်မှာ ဟိုတယ်ပေါင်း ၁၇၀ ကျော်၊ အခန်းပေါင်း ၇၃၀၀ ကျော်ရှိပြီး ပြီးခဲ့တဲ့နှစ်ထဲ ရန်ကုန်လေဆိပ်ကနေ ကမ္ဘာလှည့်ခရီးသည် သုံးသိန်းကျော်ဝင်ရောက်ခဲ့ရာမှာ တည်းခိုဖို့ အခက်အခဲဖြစ်ခဲ့တဲ့အတွက် အခုလိုဟိုတယ်တွေတိုးချဲ့ဖွင့်ဖို့လုပ်နေကြတာဖြစ်ပါတယ်။ လာမယ့်ပွင့်လင်းရာသီမှာ ကမ္ဘာလှည့်ခရီးသည် ငါးသိန်းလောက်လာဖို့ မျှော်လင့်ပြီး လုပ်ဆောင်နေတာဖြစ်ပါတယ်။

## ဒု ပင်လုံညီလာခံအတွက် ပြင်ဆင်

**RFA ၊ ၆မေ ၂၉ ။ ။** 'ပင်လုံစာချုပ်နဲ့ ပြည်ထောင်စုစိတ်ဓာတ်' ဆိုတဲ့ ခေါင်းစဉ်နဲ့စာတမ်းတွေ ပြုစုရေးသားဖို့ ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီ CRPP က ပြည်တွင်းပြည်ပ လူငယ်တွေနဲ့ပညာရှင်တွေကို တိုက်တွန်းထားပါတယ်။

၂၁ ရာစု ပင်လုံညီလာခံကို ရည်ရွယ်ပြီး စာတမ်းဖတ်ပွဲ ကျင်းပဖို့ အခုလို စုဆောင်းနေတာလို့ CRPP အတွင်းရေးမှူး ဦးအေးသာအောင်က RFA ကို ပြောပါတယ်။

"ဒုတိယပင်လုံအတွက် 'ပင်လုံစာချုပ်နဲ့ပြည်ထောင်စုစိတ်ဓာတ်' ဆိုတဲ့ ခေါင်းစဉ်ပေးပြီးတော့ စာတမ်းတွေ ရေးနိုင်းထားတယ်၊လူငယ်တွေ ပညာရှင်တွေနဲ့ပြည်ပကိုပါပေါ့။ အဲဒါတွေ ရရင်တော့ စာတမ်းဖတ်ပွဲတခုလုပ်မယ်။ နိုင်ငံခြားသား ပညာရှင်တွေကိုတော့ ဒေါ်အောင်ဆန်းစုကြည်က သူကိုယ်တိုင်တောင်းမယ်လို့ ပြောတယ်။ ပြည်တွင်းမှာတော့ သက်ဆိုင်ရာနီးစပ်ရာ နီးစပ်ရာ ကမ်းလှမ်းတယ်။ တိုင်းရင်းသားတွေကိစ္စကတော့ ရခိုင်ဆိုရင်တော့ ကျနော်က တာဝန်ယူတာပေါ့။ ချင်းဆိုရင်တော့ ပူကျင်ရှင်းထန် ကပေါ့။ ရှမ်းဆိုရင်တော့ စိုင်းထွန်းအောင်တို့ ဘာတို့ ဒီလိုပေါ့ဗျာ"

စာတမ်း ပေးပို့ရမယ့် နောက်ဆုံးရက်ကိုတော့ မသတ်မှတ်ထားသေးဘူးလို့သိရပါတယ်။ ဒါပေမယ့် လာမယ့် CRPP အစည်းအဝေးမှာ ဒီကိစ္စကို ဆွေးနွေးဆုံးဖြတ်မယ်လို့ ဦးအေးသာအောင်က ပြောပါတယ်။ နိုင်ငံခြားသား ပညာရှင်တွေဆီက စာတမ်းကို မျှမျှတတရေးမယ့် ပုဂ္ဂိုလ်မျိုးတွေကို ကမ်းလှမ်းမှာဖြစ်တယ်လို့ ဆိုပါတယ်။

လူမျိုးမတူ၊ ဘာသာစကား မတူ၊ ယဉ်ကျေးမှု မတူတဲ့တိုင်းရင်းသားတွေ စုပေါင်းနေထိုင်တဲ့ မြန်မာနိုင်ငံမှာ ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေး၊ တန်းတူညီမျှရေးတွေအတွက် ခေတ်နဲ့ ပိုပြီးလျော်ညီမယ့် ပြည်ထောင်စုတခုတည်ဆောက်ဖို့ ဒုတိယပင်လုံညီလာခံတခု ကျင်းပနိုင်အောင် ပြင်ဆင်နေတာလို့လည်း သိရပါတယ်။

# ကမ္ဘာ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ လှုပ်ရှားမှု မြန်မာနိုင်ငံတွင် ပြုလုပ်

**DVB ၊ ဂျွန်လ ၅ ။ ။** ဒီနေ့ကျရောက်တဲ့ ကမ္ဘာ့သဘာဝပတ်ဝန်းကျင်ထိမ်းသိမ်းရေးနေ့အထိမ်းအမှတ်အဖြစ် သစ်ပင်စိုက်တဲ့ လှုပ်ရှားမှုတွေကို မြန်မာနိုင်ငံက ရန်ကုန်နဲ့မန္တလေးမြို့ကြီးတွေမှာ ပြုလုပ်ခဲ့တယ်လို့ သဘာဝပတ်ဝန်းကျင်အရေးလှုပ်ရှားသူတွေက ဒီဗွီဘီကို ပြောပါတယ်။

ရန်ကုန်မြို့မှာရှိတဲ့ လူငယ်အဖွဲ့အစည်းတွေ၊ ပတ်ဝန်းကျင်အရေးလှုပ်ရှားတဲ့ အဖွဲ့တွေ၊ ကဗျာဆရာ၊ စာရေးဆရာနဲ့ သတင်းမီဒီယာလောကစိတ်ပါဝင်စားသူတွေဟာ မဟောဂနီနဲ့အင်ကြင်းစတဲ့ သစ်ပင်ကြီးမျိုးတွေကိုရန်ကုန်တိုင်းမှော်ဘီမြို့နယ်မှာ အပင် ၂၅၀ လောက်နဲ့ မြောက်ဥက္ကလာပမြို့နယ်ကပုလဲလမ်းသွယ်မှာ အပင် ၆၀ လောက် စိုက်ပျိုးခဲ့ကြတာပါ။ ခုလို သစ်ပင်စိုက်ရခြင်းရည်ရွယ်ချက်နဲ့ပတ်သက်ပြီး ဒီလှုပ်ရှားမှုမှာပါဝင်တဲ့ ပတ်ဝန်းကျင်အရေးတက်ကြွလှုပ်ရှားသူ စာရေးဆရာမဒေါ်ဒေဝီသန့်စင်က ခုလိုပြောပြပါတယ်။

"ကမ္ဘာ့ရဲ့ အခြေအနေအရ ဒီနေ့လို ကမ္ဘာ့သဘာဝပတ်ဝန်းကျင်နေ့တနေ့တည်းသစ်ပင်စိုက်လို့မရတော့ဘူး။တတ်နိုင်သလောက်အချိန်တိုင်းကိုယ်တပိုင်တနိုင်စိုက်ရတော့မယ့် အချိန်ဖြစ်နေပြီ။ ကမ္ဘာရဲ့ပျက်စီးယိုယွင်းမှုဟာ တအားကို ပြင်းထန်လာတယ် အဲဒါကြောင့်ပါ"။

အလားတူမန္တလေးမြို့မှာလည်း မန္တလေးတောင်ခြေမှာရှိတဲ့ ရွှေကျင် နှစ်တရာပြည့်ကျောင်းတိုက်မှာ ပတ်ဝန်းကျင်ရေးလှုပ်ရှားနေတဲ့ စိမ်းရောင်စိုအဖွဲ့နဲ့ တခြားစိတ်ပါဝင်စားသူတွေဟာ ကန့်ကော်နဲ့ ကျွန်းပင်အရေအတွက် ၅၀၀ လောက်စိုက်ပျိုးခဲ့ကြတယ်လို့သိရပါတယ်။ ဒီသစ်ပင်စိုက်ပျိုးလှုပ်ရှားမှုနဲ့ပတ်သက်ပြီးစိမ်းရောင်စိုအဖွဲ့ကကိုမင်းထက်ငြိမ်းချမ်းကတော့ ရာသီဥတုပြောင်းလဲနေမှုကာကွယ်နိုင်ဖို့တတ်နိုင်သလောက် တပိုင်တနိုင်ဆောင်ရွက်တာဖြစ်တယ်လို့ ပြောပါတယ်။

"ကျနော်တို့ တတ်နိုင်တာကတော့ သစ်ပင်စိုက်တာရယ် သစ်ပင်ထိန်းသိမ်းတာရယ်။ သို့သော် ကျနော်တို့က အာဏာပိုင်အဖွဲ့အစည်းတွေတော့ မဟုတ်ဘူး။ ကျနော်တို့က မူအရတော့သစ်ပင်စိုက်မယ်။ –သဘာဝဘေးအန္တရာယ် ကျရောက်လာရင်တတ်နိုင်သမျှကူညီမယ်။ သဘာဝပတ်ဝန်းကျင်နဲ့ပတ်သက်တဲ့ သင်တန်းလေးတွေ ရရင်လည်းဖွင့်တယ်"။

လတ်တလော မြန်မာနိုင်ငံမှာ တပြည်လုံး အတိုင်းအတာနဲ့ ပတ်ဝန်းကျင်အရေး ပါဝင်လှုပ်ရှားမှု အားနည်းနေသေးပြီး ခုချိန်ဟာ ပညာပေးလုပ်ငန်းတွေတင်လုပ်ရမယ့် အချိန် မဟုတ်တော့ဘဲ ကမ္ဘာမြေထိမ်းသိမ်းရေးမှာ နိုင်ငံသားအားလုံး ကိုယ်တိုင် ပါဝင်လုပ်ဆောင်ရမယ့် အချိန်ဖြစ်နေပြီလို့ သဘာဝပတ်ဝန်းကျင်အရေးလှုပ်ရှားသူတွေ ကပြောကြပါတယ်။ မြန်မာအစိုးရကတော့ ကျေးလက်နေပြည်သူတွေကို တအိမ်ထောင် ယူကလစ်အပင် ၂၀ စိုက်ပျိုးဖို့နဲ့တရွာကို တဧက စိုက်ပျိုးကြဖို့ ဆော်ဩထားပြီး လာမယ့် ဇူလိုင်လကို တနိုင်ငံလုံးအတွက် သစ်ပင်စိုက်ပျိုးရေးကာလအဖြစ်သတ်မှတ်ကာ သစ်ပင်မျိုးစုံ သန်း ၃၀ ကျော် စိုက်ပျိုးနိုင်ရေး ဆောင်ရွက်နေတယ်လို့ နိုင်ငံပိုင် သတင်းစာတွေမှာ ဖော်ပြထားပါတယ်။

# အညတရ သူရဲကောင်း ဂုဏ်ပြုပွဲအခမ်းအနား ဂျပန်နိုင်ငံ တိုကျိုမြို့မှာ ပြုလုပ်

**DVB ၊ ဂျွန်လ ၅ ။ ။** အညတရ သူရဲကောင်း ဂုဏ်ပြုပွဲအခမ်းအနားကို ဂျန်ပန်နိုင်ငံ တိုကျိုမြို့မှာ ဒီနေ့ပြုလုပ်ပါတယ်။ ဂျပန်စံတော်ချိန် နေ့ခင်း ၁ နာရီကနေ ၅ နာရီ အတွင်းကျင်းပတဲ့ ဂုဏ်ပြုပွဲအခမ်းအနားအတွင်း ကဗျာရွတ်ဆိုမှုနဲ့ဂုဏ်ပြုဟော ပြောပွဲတွေ ပြုလုပ်ခဲ့ပါတယ်။

အခမ်းအနားကျင်းပတာနဲ့ပတ်သက်ပြီး အညတရ သူရဲကောင်းဆုချီးမြှင့်ရေး စတင်လှုံ့ဆော်သူ ကိုမင်းထက်ဇော်က အခုလို ပြောပါတယ်။

"ဒီအခမ်းအနားကျင်းပရတဲ့ ရည်ရွယ်ချက်ကတော့ ဆုရတဲ့ အညတရ သူရဲကောင်းတွေကို ဂုဏ်ပြုချင်တာရော၊ မြန်မာနိုင်ငံတလွှား အကျဉ်းထောင်အသီးသီး မှာရှိတဲ့ နိုင်ငံရေးအကျဉ်းသားတွေနဲ့ သူရဲကောင်းတွေရဲ့ တိုင်းပြည်နဲ့ လူမျိုးအပေါ်ထားတဲ့ စိတ်ဓာတ်နဲ့စေတနာကို အများပိုမိုသိရှိအောင်ရယ် နောက်အညတရ သူရဲကောင်းဆုချီးမြှင့်ရေးလုပ်ငန်းစဉ်မှာ မြန်မာနိုင်ငံသူ နိုင်ငံသားအားလုံး ပိုမိုပူးပေါင်းပါဝင်လာစေဖို့ ကျင်းပတာဖြစ်ပါတယ်။ ကျန်နော်တို့က ကူညီခဲ့တဲ့သူတွေကိုလည်း ဂုဏ်ပြုသဝဏ်လွှာ ပြန်ပေးပါတယ်"။

အညတရ သူရဲခေါင်းဆုကို ပြီးခဲ့တဲ့ မြန်မာနှစ်ဆန်းတရက် ဧပြီလ ၁၇ ရက်နေ့က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးချုပ်မှာပြုလုပ်တဲ့ သင်္ကြန်ပူဇော်ပွဲအတွင်း ကြေညာပေးအပ်ပြီးဖြစ်ပါတယ်။ အဖွဲ့ချုပ်ခေါင်းဆောင် ဦးဝင်းတင်ဦးဆောင်တဲ့ ဆုရွေးချယ်ရေးအဖွဲ့က လက်ရှိ အကျဉ်းကျနေတဲ့နိုင်ငံရေး အကျဉ်းသား ၃ ဦးကို ရွေးချယ်ခဲ့ပါတယ်။ သူတို့တွေကတော့ ၂၀၀၇ ရွှေဝါရောင်တော်လှန်ရေးအတွင်းဦးဆောင်ခဲ့တဲ့ မဂ္ဂင်ကျောင်းတိုက်ဆရာတော်ဦးဣန္ဒက (ဦးအောင်သန်းမြင့်)၊ ထောင်ဒဏ်အကြိမ်ကြိမ်ကျခံနေရတဲ့ ဦးခင်ဝင်း(ဘိုးတော်ခင်ဝင်း)နဲ့ HIV/AIDS ဝေဒနာသည်တွေကို ကူညီပေးခဲ့သူ ဦးသန်းနိုင်တို့ကို အညတရ သူရဲကောင်းများအဖြစ်ရွေးချယ်ခဲ့ပါတယ်။

အဆိုပါ အညတရသူရဲကောင်း ၃ ဦး လုံးဟာ ထောင်အကြိမ်ကြိမ်ကျခံရသူတွေဖြစ်ပြီး အခုလည်း အကျဉ်းထောင်အသီးသီးတွင် နှစ်ရှည်ထောင်ဒဏ်ကျခံနေရပါတယ်။ ဆုအဖြစ် ကျပ်ငွေ ၁၀ သိန်းကို ပေးအပ်ချီးမြှင့်ခဲ့ပါတယ်။ ဒီအညတရ သူရဲကောင်း သုံးဦးဟာ လူထုအတွက် ဘဝတွေပေးအပ် လုပ်ဆောင်သူတွေဖြစ်ပေမယ့် လူသိထင်ရှားတဲ့သူတွေမဟုတ်တာကြောင့်ဒီဆုကို ပေးအပ်တာလို့ဆုချီးမြှင့်ရေးအဖွဲ့ကပြောပါတယ်။ ဆုရသူကို ဂုဏ်ပြုတဲ့အခမ်းအနားအတွင်း ဒေါ်အောင်ဆန်းစုကြည်က မိန့်ခွန်းပေးပို့ပြီး ဂုဏ်ပြုပြောဆိုပါတယ်။

"အညတရသူရဲကောင်းဆိုတဲ့ အခေါ်အဝေါ်နဲ့ ပတ်သက်လို့ စကားလေးနည်းနည်းပြောချင်ပါတယ်။ အညတရဆိုတာ ကျမ နားလည်သလောက်တော့သာမာန်ဆိုတဲ့အဓိပ္ပာယ်ရှိပါတယ်။ကျမရဲ့အထင်အမြင်မှာတော့ ဒီလို ကိုယ့်ရဲ့ယုံကြည်ချက်အတွက်၊ ကိုယ့်နိုင်ငံအတွက်၊ ကိုယ့်လူမျိုးအတွက် အဖမ်းဆီးခံပြီးတော့ အနစ်နာခံတဲ့လူတွေကို အညတရ သာမာန်လို့တော့ပြောလို့မရဘူးလို့ထင်ပါတယ်။ အင်္ဂလိပ်လိုဆိုလို့ရှိရင် ဒီလိုသူရဲကောင်းတွေကို Unknow – လူမသိသူမသိ၊ Unname – နာမည်မရှိ၊ နာမည်မထွက်ဆိုပြီးတော့ ခေါ်တာကိုကျမပိုပြီးသဘောကျပါတယ်။ ကျမတို့ရဲ့ သူရဲကောင်းတွေဟာ တယောက်မှသာမာန်လူတွေ မဟုတ်ပါဘူး။ သာမာန်ထက် ပိုပြီးတော့ သတ္တိရှိလို့ ဒီလိုအလုပ်မျိုးလုပ်ပြီးတော့ ဒီလိုခံနေရတာဖြစ်ပါတယ်။ ဒါကြောင့်မို့ ကျမတို့ရဲ့ အသုံးအနှုန်းအရ အညတရဆိုတာကတော့ သုံးလေ့သုံးထရှိတာ ဆိုပေမယ့်လည်း အညတရရယ်လို့ ကျမ သူတို့ကို မမြင်ပါဘူး။ အင်မတန်မှ ထူးခြားတဲ့သူတွေ၊ နာမည်မပေါ်ပေမယ့်လည်း၊ နာမည်မထွက်ပေမယ့်လည်း ထူးခြားတဲ့သတ္တိနဲ့ ကိုယ်ယုံကြည်ရာကို လုပ်နေတဲ့ သူတွေကို ကျမမြင်ပါတယ်။ အဲဒီလိုပဲ ကျမတို့နိုင်ငံကကော ကမ္ဘာကကော မြင်စေချင်ပါတယ်။ ဒီလိုမြင်မယ်လို့လည်း ကျမမျှော်လင့်ပါတယ်"။

အညတရ သူရဲကောင်းဆုချီးမြှင့်တာဟာ ဒါ ပထမဆုံးအကြိမ်ဖြစ်ပေမယ့် လာမယ့်နှစ်အတွက် ချီးမြှင့်ဖို့ ပြင်ဆင်နေပြီဖြစ်ပါတယ်။ လာမယ့်နှစ်မှာတော့ အနည်းဆုံး အညတရသူရဲခေါင်း ၅ ဦးကို ရွေးချယ်ချီးမြှင့်မယ်လို့ ကိုမင်းထက်ဇော်က ပြောပါတယ်။

# ဒေါ်စုကို လွတ်လပ်စွာ သွားလာလှုပ်ရှားခွင့်ပြုဖို့ ဂျွန်မက်ကိန်း တိုက်တွန်း

**VOA । မေ ၃၁ ॥ ॥** အမေရိကန်ပြည်ထောင်စု အရီဇိုးနားပြည်နယ် အထက်လွှတ်တော်အမတ် John McCain) ဟာ မနက်ဖြန် ဇွန်လ ၁ ရက်နေ့ကစလို့ ဇွန်လ ၃ ရက်နေ့အထိ သွားရောက်မယ့် မြန်မာနိုင်ငံခရီးစဉ်ကို စတင်တော့မှာဖြစ်ပါတယ်။ မြန်မာအစိုးရအနေနဲ့ အပြောင်းအလဲဖော်ဆောင်တဲ့နေရာမှာ ဘယ်လောက်အထိ လေးနက်မှုရှိမယ်ဆိုတာကို သူ့ခရီးစဉ်အတွင်းမှာ ဆန်းစစ်သွားဖို့ ရည်ရွယ်တယ်လို့ဘန်ကောက်မှာ သတင်းထောက်တွေကို ပြောခဲ့ပါတယ်။ ဒါ့အပြင် ရှေ့လထဲမှာနယ်ခရီးထွက်မယ့် မြန်မာ့ဒီမိုကရေစီခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်အနေနဲ့လည်း လွတ်လပ်စွာ လှုပ်ရှားသွားလာခွင့် ရှိသင့်တယ်လို့ လည်း သူက ပြောသွားပါတယ်။ အပြည့်အစုံကို ဒေါ်ခင်မျိုးသက်ကတင်ပြပေးထားပါတယ်။

ဩဇာကြီးမားတဲ့ အမေရိကန် အထက်လွှတ်တော်အမတ် ဂျွန်မက်ကိန်းဟာဇွန်လ၁ရက်နေ့ကနေ၃ရက်နေ့အထိမြန်မာနိုင်ငံကိုသွားရောက်မှာဖြစ်ပြီး မြန်မာအစိုးရသစ်အဖွဲ့ရဲ့အနေအထားကို လေ့လာမှာဖြစ်သလို သူလေးစားရတဲ့ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နဲ့လည်း တွေ့ဆုံဖို့ရှိပါတယ်။ ဒေါ်အောင်ဆန်းစုကြည် အနေနဲ့ ဇွန်လကစပြီး နယ်တွေကို ခရီးထွက်မယ်လို့ မနေ့တနေ့ကစပြီး ကြေညာခဲ့တာမို့ ဒါဟာ မြန်မာအစိုးရသစ်ဘက်က အပြောင်းအလဲကို ဘယ်လောက်လုပ်မယ်ဆိုတာအတွက် ကောင်းကောင်းသိလာနိုင်တဲ့ အချက်လို့ မစ္စတာမက်ကိန်းက အင်္ဂါနေ့ ထိုင်းနိုင်ငံ ဘန်ကောက်မှာ သတင်းထောက်တွေကို ပြောကြားခဲ့ပါတယ်။

"နအဖအစိုးရကို တခုပန်ကြားဖို့ရှိတာက ဒေါ်အောင်ဆန်းစုကြည် ခရီးထွက်မယ်ဆိုရင် သူ့ကို လွတ်လွတ်လပ်လပ်သွားလာခွင့်ပေးဖို့ပါ။ ဒီအကြံပြုချက်ကို ကျနော်တဦးတည်း ပြောတာတော့ မဟုတ်ပါဘူး။ ဒီအကြံပြုချက် အပေါ်မှာ အစိုးရအနေနဲ့ လက်ခံ၊ မခံဆိုတာမသိရသေးပါဘူး။ ဒါပေမဲ့ သူတို့အနေနဲ့ ပြုပြင်ပြောင်းလဲမယ်ဆိုတဲ့ကတိကဝတ်ကို ပြချင်တယ်ဆိုရင်တော့ ဒေါ်အောင်ဆန်းစုကြည်ကို လွတ်လွတ်လပ်လပ် သွားလာခွင့်ပေးမပေး ကြည့်ရမယ်လို့ ကျနော်ထင်ပါတယ်။"

ဒေါ်အောင်ဆန်းစုကြည်အနေနဲ့သူ့ပြည်သူတွေနဲ့တွေ့ဖို့ ဆန္ဒဘယ်လောက်ရှိတယ်ဆိုတာ ကမ္ဘာကသိနေတာမို့ အခုပြည်သူတွေနဲ့ဘယ်လောက်အထိ သူထိတွေ့ခွင့်ရတယ်ဆိုတာကိုစောင့်ကြည့်ဖို့လိုတယ်လို့ဆိုပါတယ်။ လွန်ခဲ့တဲ့ ၈ နှစ် မေလ ၃၀ ရက်နေ့က လိုအဖြစ်မျိုးမရောက်ဖို့အတွက်အစိုးရသစ်အဖွဲ့ကစောင့်ရှောက်မယ်လို့သူမျှော်လင့်ထားကြောင်းလည်းပြောပါတယ်။ဇွန်လ ၁ရက်နေ့က စတင်မယ့် သူ့ရဲ့ မြန်မာနိုင်ငံ ခရီးစဉ်မှာ ပထမနေပြည်တော် မှာအစိုးရသစ် အဖွဲ့တာဝန်ရှိသူတွေနဲ့တွေ့ဆုံဖို့ရှိတယ်လို့ မစ္စတာမက်ကိန်းကပြောပါတယ်။

"မနက်ဖြန်ကျရင် မြန်မာနိုင်ငံကို သွားမှာပါ။ မနက်ဖြန်မှာပဲ မြို့တော်သစ်မှာ အစိုးရတာဝန်ရှိသူတွေနဲ့ တွေ့ဆုံမှာပါ။ ဒီနောက်တော့ ရန်ကုန်ကို သွားပြီး ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ဖို့စီစဉ်ထားပါတယ်။ ကျနော် သူ့ကို မတွေ့ရတာ ၁၅ နှစ် ကြာခဲ့ပါပြီ။ လွန်ခဲ့တဲ့အခေါက် ကျနော်သွားခွင့်ရတဲ့ အချိန်တုန်းက နောက်ဆုံးတွေ့ရတာပါ။

"အစိုးရသစ် လက်ထက်မှာ ဘယ်လို အပြောင်းအလဲတွေ ရှိသလဲ၊ ပြုပြင်ပြောင်းလဲရေးအတွက် ဘယ်လောက်အထိ အလေး အနက်ထားသလဲ ဆိုတာကို ဆန်းစစ်နိုင်ဖို့လည်းမျှော်လင့်ထားပါတယ်။ ဒါ့အပြင် အခြားသူတွေနဲ့ မတူရအောင် ကျနော်တို့ လေးစားမြတ်နိုးရတဲ့ ဒေါ်အောင်ဆန်းစုကြည်ကိုလည်း တွေ့ဆုံမှာဖြစ်ပါတယ်။"

မြန်မာအစိုးရနဲ့ တွေ့ဆုံတဲ့အခါမှာ အခုထိ အကျဉ်းထောင်တွေထဲမှာ ရှိနေသေးတဲ့ နိုင်ငံရေးအကျဉ်းသား ၂,၀၀၀ ကျော်ကို ပြန်ပြီး လွှတ်ပေးရေးအတွက် တိုက်တွန်းပြောကြားမယ်လို့ ပြောပါတယ်။

မစ္စတာမက်ကိန်းဟာအင်္ဂါနေ့မှာထိုင်း၊မြန်မာနယ်စပ်မဲဆောက်မြို့က မြန်မာဒုက္ခသည်တွေရဲ့ ကျန်းမာရေးအတွက် အားထားနေရတဲ့ မယ်တော်ဆေးခန်းကိုသွားရောက်ပြီးဒေါက်တာစင်သီယာမောင်နဲ့ တွေ့ဆုံခဲ့သလို မြန်မာဒုက္ခသည်တွေရှိရာ မယ်လဒုက္ခသည်စခန်းကိုလည်းသွားရောက်ခဲ့ပါတယ်။

သူဟာ မြန်မာဒုက္ခသည်တွေ ကြုံတွေ့နေရတဲ့ ဆိုးဝါးတဲ့အနေအထားကို ကိုယ်တိုင်တွေ့မြင်ခဲ့ရတယ်လို့ ပြောကြားခဲ့သလို ဒီဒုက္ခသည် တွေကို မြန်မာနိုင်ငံထဲက အခြေအနေဆိုးတွေကြောင့် ထိုင်းအစိုးရအနေနဲ့ နေရပ်ရင်းကိုပြန်ပို့ဖို့ မသင့်သေးဘူးလို့လည်း ပြောပါတယ်။

"ဒီဒုက္ခသည်အခြေအနေဟာထိုင်းအစိုးရအတွက်ရောဒီလူတွေအတွက်ပါ အတော်လေးကို ခက်ခဲတဲ့ အခြေအနေပါ။ ဒါပေမဲ့လည်း ထိုင်းအစိုးရအနေနဲ့ဒီဒုက္ခသည်တွေကိုပြန်မပို့ဘူးဆိုတာတော့ကျနော် အခိုင်အမာယုံပါတယ်။ ဒီလူတွေ ပြန်ပို့ခံရရင် အရေးယူခံရမယ်။ တချို့ အသတ်တောင်မှ ခံရနိုင်ပါတယ်။ ဒီ တိုင်းရင်းသား လူနည်းစုတွေအပေါ်မှာ မြန်မာစစ်တပ်က ဘယ်လိုလုပ်သလဲဆိုတာတွေကိုလည်းကြားရပါတယ်။ ဒါကြောင့် ဒီဒုက္ခသည် စခန်းတွေကို မပိတ်ခင်တော့ ဒါတွေကို သတိတကြီး ထည့်သွင်းစဉ်းစားရမယ်လို့ ထင်ပါတယ်။"

ဒီခရီးစဉ်ကနေရတဲ့ အချက်အလက်တွေကို အမေရိကန်လွှတ်တော်နဲ့ နိုင်ငံခြားရေးဝန်ကြီးဌာနကို ပြန်လည်တင်ပြဖို့ရှိပြီး မြန်မာနိုင်ငံ ဒီမိုကရေစီထွန်းကားရေးအတွက် ဆက်ပြီး ကြိုးစားဖို့ရှိတယ်လို့လည်း မစ္စတာမက်ကိန်းက ပြောကြားခဲ့ပါတယ်။

---

**စာမျက်နှာ ၈ မှ**

ကို အားဖြည့်မယ်လို့ကြေညာခဲ့ပါတယ်။ ဒါ့အပြင် ဗမာနိုင်ငံနဲ့ အနီးဆုံးဖြစ်တဲ့ ထိုင်းနဲ့ ကမ္ဘောဒီးယားတို့ အကြားက စစ်ပွဲဟာ ပတ်ဝန်းကျင်ကို ပျံ့နှံ့လာစရာမရှိဘူးဆိုပေမဲ့ တည်ငြိမ်အေးချမ်းတဲ့ပတ်ဝန်းကျင်ကိုပျက်စီးစေတာတော့ အမှန်ပါပဲ။

ဒီလိုအချိန်မှာ ဗိုလ်ချုပ်သိန်းစိန်ရဲ့ "အရပ်သား"အစိုးရဟာနိုင်ငံတကာ သံတမာန်ရေးရာမှာ အစွမ်းတွေပြဖို့လုပ်နေပါတယ်။ သူတို့ရဲ့ ဖွဲ့စည်းပုံဥပဒေတို့ ရွေးကောက်ပွဲတို့၊ "လွတ်ငြိမ်းချမ်းသာခွင့်"တို့ ဆိုတာတွေဟာ သူတို့ကို မျက်နှာလိုအားရ လုပ်နေသူတွေကိုသာ လှည့်စားလို့ရပေမဲ့ နိုင်ငံတကာကို မလှည့်စားနိုင်ပါဘူး။ ဆီနိတ်တာ မက်ကိန်းလို လူကိုက ဒါလောက်နဲ့ သူတို့ပြောင်းနေတဲ့ အပြောင်းအလဲတို့၊ဒီမိုကရေစီလမ်းကြောင်းတို့ဆိုတာတွေကို လက်ခံမတဲ့လား။ ဒီခရီးစဉ်ကို ပြန်ချုပ်လိုက်ရင် အသစ်စက်စက် ကြံ့ဖွတ်သမ္မတခမျာ " အရှေ့အလယ်ပိုင်းမှာလို တော်လှန်ရေးတွေနဲ့ ရင်ဆိုင်ရလိမ့်မယ်" လို့ ပညာပေးခံရတာပဲ အမြတ်ရလိုက်ပါတယ်။ ဖန်တို့ပွဲမှာ သူ့ကို ရှေ့နေလိုက်ပေးကြတဲ့ နိုင်ငံရေးသမားတွေကတော့ ဖားခွင့် အမြတ်ရလိုက်ကြပါတယ်။

ပြည်သူလူထုကြီးအဖို့ကတော့အပြောင်းအလဲဟာပြည်တွင်းက အဓိက ဖြစ်ရမယ်ဆိုတဲ့ အယူအဆ ပိုခိုင်မြဲသွားရပါတယ်။

# နှစ်နိုင်ငံဆက်ဆံရေး ပိုမိုကောင်းမွန်ရန် အမေရိကန်အမတ် အဆိုပြု

**DVB ၊ ဂျွန်လ ၁ ။ ။** ဒီကနေ့ ပထမဆုံးမြန်မာနိုင်ငံကို အလည်ပတ်ရောက်ရှိနေတဲ့ အမေရိကန်အထက်လွှတ်တော်အမတ် ဂျွန်မက်ကိန်းက နိုင်ငံရေးဝန်ကြီးဌာနဝန်ကြီးနဲ့တွေ့ဆုံအပြီးပြည်ထောင်စုလွှတ်တော်အတွင်းမှာနှစ်နိုင်ငံဆက်ဆံပိုမိုကောင်းမွန်လာဖို့ အဆိုတင်သွင်းခဲ့ပါတယ်။

ဒီကနေ့မနက်ပိုင်းနေပြည်တော်ကိုရောက်ရှိလာတဲ့အမေရိကန်အထက်လွှတ်တော်အမတ်မစ္စတာဂျွန်မက်ကိန်းဟာ အစိုးရအဖွဲ့ဝင် ပြည်ထောင်စုနိုင်ငံခြားရေးဝန်ကြီးဦးဝဏ္ဏမောင်လွင်နဲ့တွေ့ဆုံအပြီး ပြည်ထောင်စုလွှတ်တော်အတွင်းမှာ နှစ်နိုင်ငံဆက်ဆံရေးပိုမိုကောင်းမွန်လာဖို့အဆိုပြုခဲ့တာပါ။ ပြည်ထောင်စုလွှတ်တော်ရဲ့ အလှည့်ကျနာယကအဖြစ်တာဝန်ယူထားတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌဦးခင်အောင်မြင့် အပါအဝင်လွှတ်တော်လုပ်ငန်းဆိုင်ရာဆွေးနွေးပွဲကိုတက်ရောက်နေကြတဲ့ လွှတ်တော်အမြဲတမ်းရေးရာကော်မတီဝင်တွေ၊ ပြည်နယ်နဲ့တိုင်းဒေသကြီးအသီးသီးက လွှတ်တော်ဥက္ကဋ္ဌတွေပါနဲ့ပါ၊ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမမှာ ဒီကနေ့နေ့လယ် ၁ နာရီ လောက်ကတွေ့ဆုံစဉ် အဆိုပြုခဲ့တာလည်းဖြစ်ပါတယ်။

ဒ့ါအပြင် အမေရိကန်ပြည်ထောင်စုရဲ့ လွှတ်တော်အတွေ့အကြုံတွေကို ပါ ၂၅ မိနစ်ကြာမျှ အပြန်အလှန် မေးမြန်းဆွေးနွေးခဲ့ကြတယ်လို့ ဆွေးနွေးခွင့်ရခဲ့တဲ့ အမျိုးသားလွှတ်တော်ရဲ့အစိုးရရဲ့ အာမခံချက်တွေ၊ ကတိတွေနဲ့ တာဝန်ခံချက်တွေကို စိစစ်ရေးကော်မတီရဲ့ခေါင်းဆောင်ဖြစ်တဲ့ ရခိုင်တိုင်းရင်းသားမျာတိုးတက်ရေးပါတီရဲ့ ဥက္ကဋ္ဌဒေါက်တာအေးမောင်က ပြောပြပါတယ်။

"သူ့ဘက်ကတော့ များများစားစားတော့အဆိုမပြုပါဘူး၊ နှစ်နိုင်ငံဆက်ဆံရေးပိုကောင်းဖို့ပါပဲ။ ကျနော်တို့ လွှတ်တော်နာယကကြီးကလည်း အဲဒါလေးပါပဲ။ လွှတ်တော်ရဲ့ အတွေ့အကြုံက အမေရိကားက ပိုပြီးရှိတာကိုး။ ကျနော်တို့ လွှတ်တော်က အခုမှ နုနေတာကိုး။ အဲဒီတော့ အတွေ့အကြုံချင်းလည်းဖလှယ်ချင်တယ်ပေါ့ဗျာ။ အဲဒါလေးတွေနဲ့လွှတ်တော်ရဲ့ ဖွဲ့စည်းတည်ဆောက်ပုံတွေ အကုန်လုံးကိုရှင်းပြပါတယ်။ အဲဒီတော့ ကျနော်တို့ ဒီလွှတ်တော်အမတ်တွေ ဒီတိုင်းရင်းသားပါတီအသီးသီးကပါကြတာကိုး။ မတ်ကိန်းနဲ့ ပတ်သက်လို့ မေးမြန်းကြတာပေါ့ဗျာ အဲဒါတွေကို မက်ကိန်းပြန်ဖြေတာရှိပါတယ်။ လွှတ်တော်မှာတော့ မက်ကိန်းက အတွေ့အကြုံများတာကိုး။ သူ့အတွေ့ အကြုံကိုရှယ်ယာလုပ်ဖို့ ကျနော်တို့ဘက်က ဆွေးနွေးမေးမြန်းကြတာရှိပါတယ်။ သူကလည်း အားရဝမ်းသာပါပဲ အဲဒါတွေကို ဆွေးနွေးသွားတယ်။ ကျနော်တို့ ၂၅ မိနစ်လောက်ပဲတွေ့ရပါတယ်။ ဒ့ါအပြင် မစ္စတာဂျွန်မက်ကိန်းကို လွှတ်တော်ကိုယ်စားလှယ် မေးမြန်းခဲ့ကြတာတွေနဲ့ ပြန်လည်ဖြေကြားခဲ့တာတွေကိုလည်း ဒေါက်တာအေးမောင်က အခုလို ပြောပါတယ်။

"အမတ်တွေ မေးတာကတော့ ၃–၄ ခုလောက် ရှိတာပေါ့။ တခုကတော့ သူရေးခဲ့တဲ့ Faith of my fathers ဆိုတဲ့ဟာလေး။ သူက လွှတ်တော်အတွေ့အကြုံ တွေရေးဖို့ တိုက်တွန်းတာလေးရှိတာပေါ့။ နောက်တခါ စီးပွားရေးပိတ်ဆို့မှုနဲ့ပတ်သက်လို့ ပြန်လည်သုံးသပ်ပေးပါ နှစ်ဦးနှစ်ဖက်ဆက်ဆံရေး ပြေပြစ်အောင်လေ။ ကျနော်တို့ ဒီလွှတ်တော်ချင်း လေ့လာရေးပေ့ါနော် အဲဒါလေးတွေလည်း ဆွေးနွေး ဖြစ်ကြပါတယ်။ မက်ကိန်းရဲ့ တင်ထားတဲ့ ပို့တခုရှိတယ်လေ။ အဲဒါလေးက ၆ နှစ်လောက်ကြာခဲ့တယ်ပေ့ါဗျာ။ အဲဒါလေးကို လွှတ်တော်က ဘယ်လိုအတည်ပြုအောင် မက်ကိန်းအနေနဲ့ ကြိုးစားခဲ့သလဲဆိုတာပေ့ါဗျာ။ အတိုက်အခံရှိသလား အတိုက်အခံတွေကို ဘယ်လိုကျော်ဖြတ်ခဲ့သလဲပေ့ါဗျာ။ သူကတော့ ပြန်ရှင်းပြသွားပါတယ်။ သမ္မတရွေးကောက်ပွဲဝင်ခဲ့တဲ့ကိစ္စက စပြီးတော့ အဲဒါတွေအကုန်လုံးကို သူစာရေးဖို့ရှိတယ်။ သူပြောသွားတာတော်တော်များများပါတယ်။ အချိန်တိုလေး အတွင်းမှာတော့ ဆွေးနွေးသွားပါတယ်"။

မစ္စတာဂျွန်မက်ကိန်းဟာ ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌဦးရွှေမန်း၊ ကြံ့ခိုင်ရေးပါတီရဲ့အထွေထွေအတွင်းရေးမှူး ဦးဌေးဦးစတဲ့ ပုဂ္ဂိုလ်တွေနဲ့ပါ ဒီကနေ့ တွေ့ဆုံဖို့ရှိနေပါတယ်။ ဒ့ါအပြင် မနက်ဖြန်မှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူးဒေါ်အောင်ဆန်းစုကြည်အပါဝင် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်တွေအပြင် ၁၉၉၀ ပြည့်နှစ်ပါတီစုံအထွေထွေရွေးကောက်ပွဲအနိုင်ရ ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီနဲ့လည်း တွေ့ဆုံဖို့ရှိနေပါတယ်။

---

## ပြကွဒိန်မှ

**ဂျွန် ၂၊** Mizzima **။ ။** အမေရိကန်အမတ်ဂျွန်မက်ကိန်းနှင့် သံရုံးတာဝန်ခံတို့သည် အိပ်ချ်အိုင်ဗွီ အေအိုင်ဒီအက်စ် ကယ်ဆယ်ရေးစခန်းသို့သွား၍ ဒေါ်ဖြူဖြူသင်းနှင့်တွေ့ဆုံပြီး ထိုကုသိုလ်ဖြစ်ရိပ်သာကို ကြိုးစားကူညီမည်ဟုဆို၏။ မြန်မာတွင် ထိုဝေဒနာရှင် ၃၅၀ ၀၀၀ ခန့်ရှိ၏။

**ဂျွန် ၂၊** AFP **။ ။** မြန်မာရောက် အမေရိကန်အထက်လွှတ်တော်အမတ် ရီပတ်ဘလစ်ကန်ပါတီမှ John McCain သည် ယနေ့ဒေါ်အောင်ဆန်းစုကြည်နှင့် တနာရီကြာတွေ့ဆုံဆွေးနွေးခဲ့၏။

**ဂျွန် ၂၊** Asian Correspondent **။ ။** မြန်မာသည် အာဆီယံအလှည့်ကျသဘာပတိနေရာမယူမီ အာဆီယံသည် လက်ရှိမြန်မာနိုင်ငံရေးနှင့် လူ့အခွင့်အရေးပြဿနာများကို ပွင့်လင်းစွာဆွေးနွေးရန် ဂျာမန်အထက်လွှတ်တော်အမတ် Angela Merkel မှ ယနေ့တိုက်တွန်းကြောင်း အေအက်ဖ်ပီသတင်းမှဆို၏။

**ဂျွန် ၃၊** DVB **။ ။** အမေရိကန် တဒေါ်လာကို မြန်မာငွေ ကျပ် ၇၅၀ ငွေလဲလှယ်နှုန်းသတ်မှတ်ရန် မြန်မာကုန်သည်ကြီးများအသင်းမှတိုက်တွန်း၏။

**ဂျွန် ၃၊** Amnesty International **။ ။** မြန်မာအင်းစိန်ထောင်မှအစာတော်ခံဆန္ဒပြခဲ့သည့် နိုင်ငံရေးအကျဉ်းသားများအား ခြေခြိမ်းများသဖွယ်လှောင်ထားကြောင်းနှင့် ယင်းပြုမူမှုကိုရပ်ဆိုင်းရမည်ဟု လူ့အခွင်း အရေးအဖွဲ့ Amnesty International မှတောင်းဆို၏။

**ဂျွန် ၃၊** RGN-AFP **။ ။** ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုနှင့်လူ့အခွင့်အရေးမတိုးတက်လျှင် မြန်မာသည် အာရပ်တွင်အရှိန်ရနေသော လူထုတော်လှန်မှုမျိုးနှင့် ရင်ဆိုင်ရနိုင်သည်ဟု အမေရိကန်အထက်လွှတ်တော်အမတ် ဂျွန်မက်ကိန်းမှသတိပေးပြောဆို၏။ ကမ္ဘာတလွှား အပြောင်းအလဲလေဟုန်ကြီးများ တိုက်ခတ်လျက်ရှိပြီး ထိုလေဟုန်များသည် အာရပ်နိုင်ငံများတွင်သာပြီးဆုံးမည်မဟုတ်ဟုဆို၏။

**ဂျွန် ၃၊** RGN-AP **။ ။** ပိတ်ပင်မှုစိုင့်ရှင်များရုတ်သိမ်းစေရန် မြန်မာသည် နိုင်ငံရေးအကျဉ်းသား ၂၀၀၀ ကျော်ကိုလည်း အားလုံးလွှတ်ရမည်ဟုသုံးရက်တာ မြန်မာခရီးစဉ်အပြီးတွင် သတင်းထောက်များသို့ ဂျွန်မက်ကိန်းမှဆို၏။

**ဂျွန် ၂၊** CBS **။ ။** မြန်မာဒီမိုကရေစီရရေးနှင့်လူ့အခွင့်အရေးတိုးတက်ရေးအတွက် အကောင်းဆုံးအသေချာဆုံးသည် ဒေါ်အောင်ဆန်းစုကြည်ဖြစ်ကြောင်း ကမ္ဘာ့သက်ဆိုးအရှည်ဆုံးအာဏာရှင်များအမည်အစီအစဉ်တွင် Amnesty International မှတင်ပြ၏။

**ဂျွန် ၃၊** Irrawaddy **။ ။** ဘီဂျီအက်ဖ်နယ်ခြားစောင့်တပ်မှကရင်များသည် မိခင်တပ် ဒီကေဘီအေသို့ တဖွဲဖွဲပြန်ဝင်လာနေ၏။

**ဂျွန် ၃၊** Mizzima **။ ။** ရွေးကောက်ပွဲတွင်ရှုံးနိမ်းခဲ့သူ ဦးနေမျိုးဝေ၊ ဦးမင်းအောင်၊ ဦးဝင်းချို၊ ဦးစိုးကြည်တို့မှ နိုင်ငံရေးအကျဉ်းသားများလွှတ်မြောက်ရေးအတွက် စာရွက်ဖြန့်ဝေ တောင်းဆိုဆန္ဒပြရန် ခွင့်မရခဲ့။

# ကမ္ဘာ့အဖိနှိပ်ဆုံးတိုင်းပြည်များစာရင်းမှာ မြန်မာနိုင်ငံထိပ်ဆုံးက ပါဝင်နေ

**VOA ၊ ဂျွန် ၁ ။ ။** ကမ္ဘာတဝန်း အဖိနှိပ်ဆုံး တိုင်းပြည်တွေထဲ မြန်မာနိုင်ငံလည်း အပါအဝင်ဖြစ်တယ်လို့ နိုင်ငံတကာက လွတ်လပ်ခွင့်အခြေအနေတွေကို စောင့်ကြည့် အကဲခတ်နေတဲ့ Freedom House အဖွဲ့ကပြောဆိုလိုက်ပါတယ်။ လူ့အခွင့်အရေး ချိုးဖောက်မှုတွေ ကျူးလွန်နေတဲ့နိုင်ငံနဲ့ ဒေသပေါင်း ၁၇ ခုထဲမှာ မြန်မာနိုင်ငံကိုပါ ထည့်သွင်းဖော်ပြထားတဲ့ အစီရင်ခံစာတစောင်ထုတ်ပြန်ရာမှာ Freedom House အဖွဲ့ကဖော်ပြလိုက်တာပါ။ဒီအကြောင်းအစီရင်ခံစာထုတ်ပြန်ရာဂျီနီဗာမြို့ကနေ ဗွီအိုအေသတင်းထောက် Lisa Schlein သတင်းပေးပို့ထားတာကို ကိုအောင်လွင်ဦးက တင်ပြပေးထားပါတယ်။

နိုင်ငံရေးနဲ့ လူမှုအခွင့်အရေး လွတ်လပ်ခွင့် မရှိဆုံးနိုင်ငံတွေ အဖြစ် မြန်မာနိုင်ငံ၊ အီကွေတာဂီနီ၊ အီရစ်ထရီးယား၊ လစ်ဗျား၊ မြောက်ကိုရီးယားနဲ့ ဆူဒန်တို့ကို စာရင်းထဲမှာ ထည့်သွင်းထားတာပါ။ လူ့အခွင့်အရေးချိုးဖောက်သူတွေအဖြစ် ဒီတိုင်းပြည်တွေဟာ နှစ်တိုင်းလိုလိုထပ်တလဲလဲ ပြန်ပါလာနေတယ်လို့လည်း အစီရင်ခံစာက ထောက်ပြထားတာဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာဆိုရင် ၂၀၀၁ ခုနှစ်ကစလို့ ပြီးခဲ့တဲ့ ၂၀၁၀ ပြည့်နှစ်အထိ နိုင်ငံရေးနဲ့ လူမှုလွတ်လပ်ခွင့် မရှိဆုံးအဆင့်မှာ သတ်မှတ်ခံထားရတာပါ။

ဆီးရီးယား၊ ဆိုမာလီယာ၊ တာ့ခ်မင်နစ္စတန်၊ လစ်ဗျားကျူးဘားနဲ့ ဆော်ဒီအာရေးဗီးယားတို့လို နိုင်ငံတွေဟာဆိုရင် ကမ္ဘာပေါ်မှာလူ့အခွင့်အရေးချိုးဖောက်မှုတွေကို စနစ်တကျနဲ့ ပြင်းပြင်းထန်ထန်ချိုးဖောက်နေတဲ့တိုင်းပြည်တွေ အဖြစ်လည်း Freedom House က ပြောပါတယ်။ ဒီတိုင်းပြည်တွေက ရက်စရာကောင်းတဲ့ အခြေအနေတွေကို မီးမောင်းထိုးပြဖို့ ကုလသမဂ္ဂ လူ့အခွင့်အရေး ကောင်စီက ပိုပြီး တက်တက်ကြွကြွ ကြိုးပမ်းလာနေတဲ့အတွက်ကိုတော့ အားရမိတဲ့အကြောင်း အဖွဲ့ရဲ့ညွှန်ကြားရေးမှူးဖြစ်သူ Paula Schriefer က ပြောပါတယ်။

ပြီးခဲ့တဲ့ လအနည်းငယ်အတွင်းမှာပဲ မြန်မာနိုင်ငံ၊ လစ်ဗျား၊ဆီးရီးယား၊ ဆိုမာလီယာ၊ ဆူဒန်နဲ့မြောက်ကိုရီးယားတို့အပေါ် လူ့အခွင့်အရေးကောင်စီက ဆုံးဖြတ်ချက်ချဖို့ ဒါမှမဟုတ်ရင်လည်း အထူးဆွေးနွေးမှုတွေလုပ်ဆောင်ဖို့ အာရုံစိုက်ဆောင်ရွက်ခဲ့တာတွေရှိခဲ့တယ်လို့လည်း ပြောပါတယ်။ ဒါပေမဲ့လည်း အဖွဲ့ရဲ့စာရင်းထဲမှာ ထည့်သွင်းထားတဲ့ နိုင်ငံတနိုင်ငံဖြစ်တဲ့တရုတ်နိုင်ငံကို လူ့အခွင့်အရေးကောင်စီကကိုင်တွယ်ဖို့ လက်တွန့်နေတာကတော့ စိတ်မကောင်းစရာဖြစ်ရတယ်လို့လည်း Freedom House ရဲ့ ညွှန်ကြားရေးမှူးရှရီဖာက ပြောခဲ့တာပါ။

"ဒီနိုင်ငံမှာ ဆိုးဆိုးရွားရွား ချိုးဖောက်မှုတွေရှိနေပေမဲ့လည်း အရင်ကရှိခဲ့တဲ့ လူ့အခွင့်အရေးကော်မရှင်မှာရော၊ အခု လူ့အခွင့်အရေးကောင်စီမှာရောဆုံးဖြတ်ချက်တရပ် အောင်အောင်မြင်မြင်ချမှတ်တာမျိုး၊ အထူးအစည်းဝေးတရပ် ကျင်းပတာမျိုးလိုပစ်မှတ်ထားကိုင်တွယ်တာမျိုးမရှိဖူးပါဘူး။ Falun Gong) လို အဖွဲ့မျိုးတွေ၊ ဝီဂါတွေ၊ တိဘက်တွေလို လူမျိုးစုတွေအပေါ်ဖိနှိပ်မှုတွေဟာ အမြဲလိုကြုံနေရတဲ့ကိစ္စပါ။"

အာဖရိက ၇ နိုင်ငံဟာလည်း လူ့အခွင့်အရေးချိုးဖောက်မှုအဆိုးရွားဆုံးတိုင်းပြည်စာရင်းမှာပါဝင်နေတာဖြစ်ပါတယ်။ဆူဒန်နိုင်ငံမြောက်ပိုင်းဇာတိသားဖြစ်ပြီး အခုအခါယူဂန်ဒါနိုင်ငံမှာ ခိုလှုံနေထိုင်သူ တရားမျှတမှုနဲ့ ငြိမ်းချမ်းရေးသုတေသနဌာနရဲ့ အာဖရိကရေးရာအမှုဆောင် ညွှန်ကြားရေးမှူး Osman Hummaida ကတော့ သူ့တိုင်းပြည်ဟာ ထိပ်တန်းစာရင်းဝင်အဖြစ် ဆက်လက်ရှိနေတဲ့အတွက် စိတ်မကောင်းဖြစ်ရကြောင်းပြောပါတယ်။ တူနီးရှားနဲ့အီဂျစ်နိုင်ငံတွေက အုံကြွလှုပ်ရှားမှုတွေနဲ့ နောက်ဆက်တွဲ တုံ့ပြန်ချက်အနေနဲ့အစိုးရက ဖိနှိပ်တင်းကျပ်မှုတွေကို ပိုပြီးတော့တောင် ဆောင်ရွက်လာနေတယ်လို့လည်း သူက ပြောခဲ့တာပါ။

"ဖန်နဝါရီလကတည်းက အစိုးရက အာဏာမှာ ဆက်နေနိုင်အောင် နည်းဗျူဟာတွေနဲ့ ယန္တရားပုံစံ အပြောင်းအလဲတွေကို သုံးလာပါတယ်။ အစိုးရအနေနဲ့ အာဖရိက ဦးချိုဒေသနဲ့ အရှေ့အလယ်ပိုင်းက အခြေအနေတွေအပေါ် စိတ်ကသိကအောက်ဖြစ်နေတာပါ။ အုံကြွမှုတွေအပေါ် နှိမ်နင်းတာ၊ အရပ်သားတွေ၊ အထူးသဖြင့် ကျောင်းသားတွေရဲ့ ဆန္ဒပြပွဲတွေမှာ သူတို့ဘက်က တုံ့ပြန်ပုံတွေဟာ ညှဉ်းပမ်းနှိပ်စက် တဲ့ ပုံစံတွေနဲ့ အစိုးရက ဒီအဖွဲ့တွေအပေါ် အရေးယူကိုင်တွယ်ပုံတွေမှာ စိတ်မသက်သာစရာကိစ္စတွေ ပါလာပါတယ်။"

လွန်ခဲ့တဲ့ ၅ နှစ်အတွင်း ကမ္ဘာတဝန်း ဒီမိုကရေစီ လွတ်လပ်ခွင့်စံတန်ဖိုးတွေဟာ ကျဆင်းလာနေတယ်လို့လည်း Freedom House ရဲ့အစီရင်ခံစာက ဖော်ပြပါတယ်။ ကမ္ဘာပေါ်က ဒေသတိုင်းလိုလိုမှာခြိမ်းခြောက်မှုအသစ်တွေ ပေါ်ပေါက်လာနေတယ်လို့လည်းအစီရင်ခံစာက သတိပေးထားတာပါ။ ဒီအထဲမှာ လူ့အခွင့်အရေး ကာကွယ် စောင့်ရှောက် သူတွေနဲ့ လူမှုအသိုင်းအဝန်းမှာ တိုက်ခိုက်ခံရတာတွေ၊စာနယ်ဇင်း လွတ်လပ်ခွင့်အပေါ် ကန့်သတ်မှုတွေနဲ့ သတင်းသမားတွေအပေါ် တိုက်ခိုက်မှုတွေ တိုးလာတာတွေ ပါဝင်တယ်လို့လည်းပြောပါတယ်။

မကြာသေးခင်က လူ့အခွင့်အရေး ကျဆင်းမှုတွေ ရှိခဲ့ပေမဲ့လည်း ၂၀၁၀ ခုနှစ်အတွင်း အခြေအနေတွေဟာ လွန်ခဲ့တဲ့ နှစ်ပေါင်း ၃၀ ကနဲ့ စာရင်တော့ သိသိသာသာ လွတ်လပ်ခွင့်တွေရှိနေပြီလို့လည်းပြောခဲ့တာပါ။ ဒါဇင်နဲ့ချီတဲ့ တိုင်းပြည်တွေမှာ ဆိုရင်လည်း အာဏာရှင်အစိုးရတွေကို ဒီမိုကရေစီနည်းကျ ရွေးချယ်တင်မြှောက်တဲ့ အစိုးရတွေနဲ့လည်း အစားထိုးနိုင်ခဲ့တယ်လို့ Freedom House ရဲ့ အစီရင်ခံစာက ဖော်ပြခဲ့တာ ဖြစ်ပါတယ်။

## ဒေါ်အောင်ဆန်းစုကြည် မကြာခင် နယ်ခရီးစတင်မည်

**RFA ၊ မေ ၃၀ ။ ။** မြန်မာ့ဒီမိုကရေစီခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်ဟာလာမယ့်ဇွန်လအတွင်းနယ်ခရီးစဉ်တွေစတင်တော့မယ်လို့ အေအက်ဖ်ပီသတင်းမှာ ဒီကနေ့ဖော်ပြထားပါတယ်။

ဒီကနေ့ဟောင်ကောင်တက္ကသိုလ်ကဆရာဆရာမတွေကျောင်းသူကျောင်းသားတွေနဲ့အရပ်သား စုစုပေါင်းတထောင်လောက်နဲ့အင်တာ နက်ဗီဒီယိုကတဆင့် တိုက်ရိုက်ဆွေးနွေးပွဲမှာ ဒေါ်အောင်ဆန်းစုကြည်ကို ပရိသတ်ကမေးမြန်းရာမှာ အဲဒီလိုဖြေကြားခဲ့တာ ဖြစ်ပါတယ်။ ခရီးစဉ်နဲ့ပတ်သက်ပြီး သတ်သတ်မှတ်မှတ်မရှိသေးကြောင်းနဲ့ ဇွန်လ ၁၉ ရက်နေ့မှာကျရောက်တဲ့ ဒေါ်အောင်ဆန်းစုကြည် မွေးနေ့နောက်ပိုင်းမှာ ခရီးစတင်မယ်လို့စဉ်းစားနေကြောင်း ပါတီခေါင်းဆောင်ပိုင်းကို ပြောတယ်လို့ ပြောရေးဆိုခွင့်ရှိသူဦးဉာဏ်ဝင်းက အာအက်ဖ်အေကို ပြောပါတယ်။

"ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ ဇွန် ၁၉ သူ့မွေးနေ့ ကျော်သွား

**စာမျက်နှာ ၁၅ သို့**

# အထက်ပေါင်းလောင်းဆည် စီမံကိန်းကြောင့် ဒေသခံ ၈၀၀၀ အိုးအိမ်မဲ့ဖြစ်ရ

**RFA । ဇွန် ၃ ॥** ရှမ်းပြည်နယ် အနောက်တောင်ပိုင်း နေပြည်တော်အနီးမှာ တည်ဆောက်နေတဲ့ အထက်ပေါင်းလောင်းဆည်စီမံကိန်းကြောင့် ဒေသခံပြည်သူ ၈၀၀၀ (ရှစ်ထောင်) ကျော်ဟာ နေရပ်ဒေသတွေ ကနေ ပြောင်းရွှေ့ပေးရပြီး အိုးမဲ့အိမ်မဲ့ ဖြစ်ရတော့မည့်အခြေအနေတွေနဲ့ ရင်ဆိုင်နေကြရပြီး၊ လူ့အခွင့်အရေး ချိုးဖောက် ခံရမှုတွေလည်း ကြုံနေကြရတယ်လို့ သိရပါတယ်။

ပျဉ်းမနားမြို့ရဲ့ အရှေ့တောင်ဖက်၊ နေပြည်တော်နဲ့ ကီလိုမီတာ ၅၀ လောက်အကွာမှာ နေပြည်တော်ကို လျှပ်စစ်ဓါတ်အားပေးဖို့ အတွက်ဆိုပြီး ၂၀၀၄ - ၂၀၀၅ ခုနှစ်ကတည်းက စတင်တည်ဆောက်နေတဲ့ အထက်ပေါင်းလောင်းဆည် ရေကာတာ စီမံကိန်းကြီးကို ဥရောပနဲ့ တရုတ်နိုင်ငံတွေက ရင်းနှီး မြုပ်နှံသူတွေနဲ့ မြန်မာစစ်အစိုးရတို့ ပူးပေါင်းတည်ဆောက်နေပါတယ်။

စစ်တောင်းမြစ်ရဲ့ မြစ်လက်တက် တစ်ခုဖြစ်တဲ့ ပေါင်းလောင်းမြစ်ရဲ့မြစ်ညာပိုင်းမှာ တည်ဆောက်နေတဲ့ ရှမ်းပြည်နယ်အတွင်းက ဒီရေအား လျှပ်စစ်စီမံကိန်းကနေ လျှပ်စစ်ဓါတ်အား ၁၄၀ မီဂါဝပ်ထုတ်လုပ်နိုင်ဖို့ လျာထားပြီး တည်ဆောက်ရေးလုပ်ငန်းတွေဟာလည်း ၆၀ ရာခိုင်နှုန်းလောက် ပြီးစီးနေပြီလို့ သိရပါတယ်။

ဒီစီမံကိန်းတည်ဆောက် ပြီးစီးတော့မည့် ကာလမှာပဲ နေပြည်တော်အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးကနေကျေးရွာ ၂၃ ရွာက ရွာလူကြီးတွေကိုခေါ်ယူပြီး စီမံကိန်းပြီးရင်ရေနစ်မြုပ် ခံရတော့မည့် နေရာတွေကို မြေပုံနဲ့ပြသခဲ့ပြီး လာမည့်အောက်တိုဘာလ နောက်ဆုံး ထားပြောင်းရွှေ့ပေးဖို့ ပြောဆိုခဲ့တာကြောင့် ဒေသခံပြည်သူတွေဟာ အခက်ကြုံနေကြရတယ်လို့ ကယန်းမျိုးဆက်သစ် လူငယ်အဖွဲ့က မမူမိုးလေးက အာအက်ဖ်အေ ကို ပြောပါတယ်။

"အုပ်စုနှစ်စုရှိတယ် ထိန်ပင်အုပ်စုရယ် သပြေကုန်းအုပ်စုရယ်၊ ထိန်ပင်အုပ်စုက ၁၂ ရွာရှိပြီးတော့ သပြေကုန်းအုပ်စုက ၁၁ ရွာရှိပါတယ်။ အဲ့မှာ အဓိကလူကြီးတွေ သူတို့ခေါ်ပြီးတော့ စီမံကိန်းပြီးတော့မယ်၊ နောက်ရေကာတက်တော့မယ်။ နင်တို့လွတ်ရာနေရာပြောင်းရွှေ့နိုင်တယ်လို့ပြောတယ်။ နေရာချပေးတာမဟုတ်ဘူး။ ဒေသခံတွေက ကိုယ့်ဖာသာ ကိုယ်ရွေးရမယ်။ အများစုက လုံးဝမရွေးချယ်ဘူး၊ ဘာဖြစ်လဲဆိုရင် ဘယ်နေရာပြောင်းရွှေ့ရမှန်းမသိဘူး။ ၂၀၁၀ အောက်တိုဘာတုန်းက အရှေ့ပိုင်းတိုင်းမှူးက လာပြီးတော့ရွှေ့ပြောင်းတဲ့ အနေနဲ့ လျော်ကြေးငါးသောင်းပေးဖို့ သူတို့က ကတိပေးထားတယ်။ ဒါပေမဲ့ နေရာအသစ်တည်ဖို့မပြောနဲ့ အိမ်ဖျက်ဖို့ စရိတ်တောင်မှ မရှိဘူး။"

ရေကာတာစီမံကိန်းဆောက်လုပ်ရာ ဒေသတစ်ဝိုက်က ကျေးရွာတွေမှာ ကယန်းလူမျိုး အများစု နေထိုင်ကြပြီး ပအိုဝ်လူမျိုးနဲ့ မြန်မာလူမျိုးတွေလည်း နေထိုင်နေကြသလို နနွင်း၊ ငရုတ်၊ မြေပဲ၊ မိုးစပါးနဲ့ နွေစပါးတွေအပြင် ငှက်ပျော၊ လိမ္မော်၊ လက်ဖက်စတဲ့ နှစ်ရှည်ခံဥယာဉ်ခြံမြေတွေကိုလည်း အဓိကအားထား လုပ်ကိုင်နေထိုင် စားသောက်ကြသူတွေဖြစ်တယ်လို့လည်း သိရပါတယ်။

စစ်တပ်လုံခြုံရေးတွေ ချထားခဲ့တာကြောင့် ဒေသတွင်းကျေးရွာတွေမှာ အတင်းအဓမ္မ ခိုင်းစေမှုတွေနဲ့ လူ့အခွင့်အရေးချိုးဖောက် ခံရမှုတွေ အများအပြားဖြစ်ပေါ်နေတယ်လို့ ဒီကနေ့ထုတ်ပြန်တဲ့ ပြောင်းစေအမိန့်ဖြင့်နှင်ထုတ်ခံရခြင်းအမည်နဲ့ မြန်မာနိုင်ငံအထက်ပိုင်းပေါင်းလောင်းဆည်တည်ဆောက်ခြင်းအတွက် ပေးဆပ်ရသည့် တန်ဖိုးများ အစီရင်ခံစာမှာ အချက်အလက်နဲ့တကွ ဖော်ပြထားပါတယ်။ ဒီကနေ့ ထိုင်းမြန်မာနယ်စပ်မှာ ပြုလုပ်ခဲ့တဲ့သတင်းစာရှင်းလင်းပွဲမှာ ကယန်းမျိုးဆက်သစ် လူငယ်အဖွဲ့ကမမူမိုးလေးက --

"စီမံကိန်း စတင်အကောင်အထည်ဖော်တဲ့အချိန်မှာ နေပြည်တော်က ခမရ ၆၀၆ ကို စေလွှတ်ခဲ့တယ်။ ဆည်ရဲ့ လုံခြုံရေးဆိုပြီးတော့ ယာယီတဲတွေ တည်ဆောက်တယ်။ သူတို့ဆောက်တဲ့တဲက ဝါးတွေ ဖက်တွေ နှစ်စဉ်နှစ်တိုင်း ဒေသခံလူထုတွေက သွားရောက် ပြုပြင်ပေးရတယ်။ လုပ်အားခလည်း ရရှိခြင်းမရှိပါဘူး။ နောက်ပြီး စီမံကိန်းသွားဖို့လမ်းအတွက်လည်းဒေသခံလူထုကို အတင်းအဓမ္မလုပ်အားပေးစေခိုင်းခြင်းလည်းရှိပါတယ်။ တပ်ကင်းအတွက်လည်း ကျေးရွာကတစ်အိမ်ထောင်မှာ တစ်လကို တစ်ထောင်ပေးဆောင်ရတာပေါ့။ ဆည်စီမံကိန်းကြောင့် လယ်မြေဧကပေါင်း နှစ်ထောင်ပတ်ဝန်းကျင်လောက်ဆုံးရှုံးရမှာ ဖြစ်ပါတယ်"

မြန်မာနိုင်ငံမြစ်ချောင်းများဆိုင်ရာကွန်ယက်အဖွဲ့ကကိုစိုင်းစိုင်းကတော့ မြန်မာနိုင်ငံမှာ အဓိကမြစ်ကြီးတွေပေါ်မှာ ရေကာတာတည်ဆောက်နေတာ ၂၅ နေရာ ရှိနေပြီး ဒေသခံပြည်သူတွေရဲ့ သဘောထားနဲ့စစ်တမ်းကောက်ယူမှုတွေမရှိခဲ့သလို ရေကာတာဆောက်လုပ်တဲ့နေရာတချို့မှာလည်း တိုက်ပွဲတွေဖြစ်ပေါ်နေသေးတာကြောင့် လက်ရှိအစိုးရအနေနဲ့ ဒီစီမံကိန်းတွေကို ရပ်တန့်ထားသင့်တယ်"လို့ ပြောသွားပါတယ်။ အထက်ပေါင်းလောင်းဆည် စီမံကိန်းမှာ ဥရောပနိုင်ငံတစ်နိုင်ငံဖြစ်တဲ့ ဆွီဇလန်နိုင်ငံက အေအက်ဖ် ကိုလင်ကို (AF Colenco)ကုမ္ပဏီကို တည်ဆောက်ရေး အင်ဂျင်နီယာ ဒီဇိုင်းလုပ်ငန်းတွေအတွက် မြန်မာအစိုးရကနေ ငှားရမ်းခဲ့ပြီး တည်ဆောက်ရေးလုပ်ငန်းတွေကို ကြီးကြပ်နေတာဖြစ်သလို လန်ဒန်အခြေစိုက် မဲလ်ကွမ်နဲ့လုပ်ဖော်ကိုင်ဖက် MDA အဖွဲ့နဲ့တရုတ်နိုင်ငံ ယူနန်အကြီးစားစက်မှု ပစ္စည်းများပြည်ပတင်ပို့ရေးကုမ္ပဏီ YMEC တွေက ဒီစီမံကိန်းမှာ ပါဝင်လုပ်ဆောင်နေတာ ဖြစ်တယ်လို့ အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။

---

**စာမျက်နှာ ၁၄ မှ**

တဲ့အခါမှာ ခရီးထွက်ဖို့စဉ်းစားမယ်လို့ကျနော်တို့ကိုအဲဒီလိုပဲ ပြောတာ။

ဒေါ်စု နယ်ကိုခရီးသွားမယ်ဆိုတဲ့အစီအစဉ်ကိုပါ သူက ပြည်သူလူထုနဲ့နိုင်ငံသားတွေနဲ့တွေ့ချင်တဲ့ဆန္ဒပဲ။ ဘယ်လိုပုံစံ ဖြစ်လာမယ်တော့ ကျနော်ကြိုပြီးမပြောချင်ပါဘူး"

ဒေါ်အောင်ဆန်းစုကြည်နယ်ခရီးစဉ်ဟာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** အနေနဲ့ လွတ်လပ်စွာစည်းရုံးပြောဆိုခွင့် ရှိ မရှိဆိုတဲ့ အချက်ကို စမ်းသပ်လိုက်တာလည်းဖြစ်တယ်လို့ အေအက်ဖ်ပီ သတင်းမှာဖော်ပြထားပါတယ်။

ဒေါ်အောင်ဆန်းစုကြည်အပါအဝင် **NLD** အဖွဲ့ဝင်တွေ ထောက်ခံသူတွေရဲ့ လုံခြုံရေးနဲ့ပတ်သက်ပြီး အစိုးရက ဘာမှတိတိကျကျအာမခံချက်ပေးထားတာမရှိဘူးလို့ဆိုပါတယ်။ ဒါပေမယ့်မြန်မာနိုင်ငံသားတိုင်းရဲ့လုံခြုံရေးဟာ အစိုးရမှာတာဝန်ရှိကြောင်း ဒေါ်အောင်ဆန်းစုကြည်က ဟောင်ကောင်တက္ကသိုလ်က ပရိသတ်ကို ပြောကြားခဲ့ပါတယ်။

# ဒီပဲယင်းလုပ်ကြံမှု ကျူးလွန်သူတွေကို ဖော်ထုတ်အရေးယူဖို့ကျန်ရစ်သူတောင်းဆို

**BBC၊ မေ ၃၀။ ။** ဒီပဲယင်းလုပ်ကြံသတ်ဖြတ်မှုလို့ခေါ်တဲ့ အရေးအခင်းမှာပါဝင်ခဲ့တဲ့ ပြစ်မှုကျူးလွန်သူတွေကို စုံစမ်းဖော်ထုတ်ပြီးအသက်သေဒဏ်ရာရတဲ့နစ်နာဆုံးရှုံးခဲ့ရတဲ့သူတွေအတွက်ကျေနပ်အောင်တောင်းပန်မှုလုပ်ရမယ်လို့ ဒီပဲယင်းဖြစ်စဉ်မှာ ကံကောင်းလို့ အသက်မသေပဲကျန်ရစ်ခဲ့သူတဦးကထုတ်ဖော်ပြောကြားလိုက်ပါတယ်။

ကိုယ်လူမျိုးချင်းသတ်ဖြတ်မှုတွေ နောင်မဖြစ်အောင် ဒီမိုကရေစီခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်နဲ့ အစိုးရတာဝန်ရှိသူတွေဆွေးနွေးရမယ်၊ တခါတည်း တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် ညှိနှိုင်းဆောင်ရွက်သင့်တယ်လို့ ဒီပဲယင်းဖြစ်စဉ်မှာပါဝင်ခဲ့တဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ပါတီ မန္တလေးလူငယ်လုပ်ငန်းအဖွဲ့က လက်ရှိအမေရိကန်ပြည်ထောင်စု ဖို့ဝိန်းမြို့မှာရောက်နေတဲ့ ကိုမင်းသိန်းက ဘီဘီစီကိုပြောပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်တဲ့ NLD ပါတီရဲ့ နယ်စည်းရုံးရေးခရီးစဉ်တခုအတွင်းမှာ ၂၀၀၃ ခုနှစ်၊ မေလ ၃၀ ရက်နေ့က ဒီပဲယင်းရပ် ကျီရွာအရောက်မှာ ကြံ့ခိုင်ဖွံ့ဖြိုးရေးလို့ အများကစွပ်စွဲကြတဲ့ မသမာသူတစုက ဒေါ်အောင်ဆန်းစုကြည်အပါအဝင် NLD ခေါင်းဆောင်တွေ၊ နောက်လိုက်လူငယ်တွေနဲ့ NLD ကိုအားပေးထောက်ခံသူဒေသခံရွာသားတွေကို ပိတ်ဆို့ရိုက်နှက် လုပ်ကြံသတ်ဖြတ်ခဲ့ကြတာဖြစ်ပါတယ်။

ကျီရွာမှာတရားဟောဖို့ ဒေသခံဘုန်းကြီးနဲ့ရွာသားတွေကတောင်းဆိုတာကို ဒေါ်အောင်ဆန်းစုကြည်က အချိန်လင့်လို့မဟောလိုတော့ကြောင်း ပြောဆိုညှိနှိုင်းနေတုန်းမှာဘဲ ကားတန်းကြီးရောက်လာပြီး ပိတ်ဆို့လို့မီးတွေထိုးပြီး ကားတွေရော၊ ကားပေါ်ပါလူတွေကိုပါ ရိုက်နှက်သတ်ဖြတ်လုပ်ကြံခဲ့ကြတယ်လို့ ကိုမင်းသိန်းကပြောပါတယ်။

လက်မှာ ပုဝါအနီစည်းထားတဲ့ သင်္ကန်းဝတ်လူတွေက ရိုက်နှက်ခဲ့တာဖြစ်ပြီး ဒေါ်အောင်ဆန်းစုကြည်စီးလာတဲ့ကားရဲ့နောက်က နှစ်စီးအကွာမှာရှိတဲ့ သူတို့ကားပေါ်မှာဘဲ ဓာတ်ပုံဆရာ ကိုတင်မောင်ဦး၊ မြို့နယ်စည်းရုံးရေးမှူး ကိုသန်းတိုးအေးတို့ ပွဲချင်းပြီးသေဆုံးပြီး ကားပေါ်ပါသူ ဦးထွန်းအောင်ကျော်ကတော့ အရိုက်နှက်ခံရတဲ့ဒဏ်ရာနဲ့ တိမ်းရှောင်ပြေးလွှားရင်း ဆေးကုမခံရလို့ သေဆုံးခဲ့တယ်လို့ ကိုမင်းသိန်းကပြောပါတယ်။

တခြားကားပေါ်က ယာဉ်မောင်းတဦးဖြစ်တဲ့ မန္တလေးအနောက်မြောက်က NLD ကိုရာဂျူးလည်း ကားပေါ်မှာဘဲ မျက်လုံးတလုံးထွက်တဲ့အထိ အရိုက်ခံရပြီးသေဆုံးခဲ့တယ်လို့ သူကဆိုပါတယ်။ ဒီပဲယင်းလုပ်ကြံမှုကြောင့် သူသိသလောက် အနည်းဆုံး လူ ၇၀ ထက်မနည်းသေဆုံးပြီး အများအပြားဒဏ်ရာရတယ်လို့လည်း ကိုမင်းသိန်းက ဘီဘီစီကိုပြောပါတယ်။

## မန္တလေးတောင်ပေါ်မှာ ပလတ်စတစ်များသိမ်း

**DVB၊ မေလ ၂၉။ ။** လာမယ် ဇွန်လ ၅ ရက်နေ့မှာ ကျရောက်မယ့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးနေ့ မှာ မန္တလေးမြို့က လူငယ်တွေစုပေါင်းပြီး မန္တလေးတောင်ပေါ်က ပြန့်ကျဲနေတဲ့ ပလတ်စတစ်တွေ လိုက်လံသိမ်းဆည်းကြဖို့ ပြင်ဆင်နေကြပါတယ်။

မန္တလေးမြို့ပေါ်က ဘာသာပေါင်းစုံက လူငယ်တွေပါဝင်တဲ့ Youth for Social Change Myanmar (YSCM) က ဖွဲ့စည်းထားတဲ့ မန္တလေးလူမှုရေးကွန်ရက် (ကမ္ဘာမြေကြီးကို ချစ်ကြသူများ)က ဒီအစီအစဉ်ကို ဦးဆောင်ပြုလုပ်နေတာဖြစ်ပြီး အဲ့ဒီနေ့မှာတော့ မန္တလေးတောင်ခြေက ခြင်္သေ့ကြီးနှစ်ကောင်ရှေ့ကနေစတင်ပြီး ပလတ်စတစ်တွေကို ကောက်ယူသိမ်းဆည်းကြမှာ ဖြစ်ပါတယ်။ ဒီလိုအစီအစဉ်ပြုလုပ်ဖြစ်တာနဲ့ပတ်သက်ပြီး မန္တလေးလူမှုရေးကွန်ရက် တာဝန်ခံလူငယ်တဦးက အခုလိုရှင်းပြပါတယ်။

"မန္တလေးက တော်တော်လေး ညစ်ပတ်နေပါတယ်။ ရေစီးရေလာလည်း မကောင်းဘူး။ ပတ်ဝန်းကျင်တခုလုံးလည်း ညစ်ပတ်နေပါတယ်။ အဲဒီဟာကနေ ကျနော်တို့ လူမှုအဖွဲ့အစည်းတွေက တဒေါင့်တနေရာကနေ ပါဝင်လှုပ်ရှားရင်းနဲ့ နိုင်ငံတော်အစိုးရကလည်း ကျနော်တို့အဖွဲ့တွေရဲ့ လုပ်ဆောင်ချက်ကို မြင်သာထင်သာရှိလာပြီးတော့ သူတို့ တကယ်အလုပ်လုပ်လာမယ်ဆိုရင် ကျနော်တို့မြို့က သာယာလှပလာမှာပေ့ါ။ နောက်တချက်က ပလတ်စတစ်ရဲ့အန္တရာယ်တွေက တအားကျယ်ပြန့်တဲ့အတွက် ဒါတွေကို ပညာပေးအစီ အစဉ်လေးလုပ်ဆောင်ပြီး ကျနော်တို့ တဖြည်းဖြည်း ဒီလိုပဲ လုပ်ဆောင်လာကြတာပေ့ါ"။

မန္တလေးက လူမှုရေးလုပ်ငန်းတွေ ဝါသနာပါတဲ့ ကျောင်းသူကျောင်းသားတွေ၊ ဘာသာရေးအသင်းအဖွဲ့တွေ၊ ဝန်ထမ်းလူတွေစုပေါင်းပြီး ဒီအစီအစဉ်ကို ဆောင်ရွက်နေကြတာဖြစ်ပါတယ်။ ဒ့ါအပြင် မန္တလေးမြို့နဲ့ ပတ်ဝန်းကျင် စိမ်းလန်းစိုပြေဖို့အတွက် စာရေးဆရာညီပုလေးနဲ့ စာနယ်ဇင်း လောကသားတွေနဲ့ အနုပညာ လောကသားတွေလည်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် သစ်ပင်စိုက်ပျိုး အမှိုက်သိမ်းတာကို ပြုလုပ်လျက်ရှိနေပါတယ်။

## ခန္တီးထောင်မှာ အစာငတ်ခံ ဆန္ဒပြ

**DVB၊ မေလ ၂၉။ ။** ခန္တီးထောင်က နိုင်ငံရေးအကျဉ်းသား ကိုနေဝင်းစိုးဟာ တောင်းဆိုချက် ၃ ချက်အတွက် ဒီပဲယင်းအရေးအခင်း နှစ်ပတ်လည်နေ့ဖြစ်တဲ့ မေလ ၃၀ ရက် နေ့စပြီး ရက်အကန့်အသတ်မရှိ အစာငတ်ခံဆန္ဒပြသွားမယ်လို့ ကိုစိုင်းမင်းသိန်းက ပြောပါတယ်။

သူတောင်းဆိုမယ့်အချက်တွေကိုတော့ ခန္တီးထောင်ကနေ မကြာသေးခင်ကမှ လွတ်ငြိမ်းချမ်းသာခွင့်နဲ့လွတ်လာတဲ့ အန်အယ်ဒီပါတီဝင် ကိုစိုင်းမင်းသိန်းက ခုလိုပြောပြပါတယ်။

"အထွေထွေလွတ်ငြိမ်းချမ်းသာခွင့် အစစ်အမှန် တကယ်ပေးရေး၊ အမျိုးသားရင်ကြားစေ့မှု ဖော်ဆောင်ရေး၊ ပြည်တွင်းငြိမ်းချမ်းမှုဖော်ဆောင်ရေးအတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့ လက်နက်ချခြင်း အလင်းဝင်ခြင်း မျိုးမဟုတ်ဘဲ တန်းတူညီတူ စေ့စပ်ညှိနှိုင်းမှုဖော်ဆောင်ရေးအချက်သုံးချက်ပါ"။

ခန္တီးမှာ ရာသီဥတုဆိုးဝါးတာကြောင့် အကျဉ်းသားတွေရဲ့ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ကျန်းမာရေး၊ လူမှုရေးအဖွဲ့အစည်းတွေကို ဖိတ်ခေါ်ခဲ့ဖူးတာကိုလဲ သိစေချင်ကြောင်း မှာလိုက်သေးတယ်လို့ ကိုစိုင်းမင်းသိန်းကဆက်ပြောပြပါတယ်။

"သူ့အနေနဲ့ သီးခြားပြောချင်တာက ခန္တီးထောင်ဟာဝေးလံခေါင်ပါးပြီး ငှက်ဖျားဆိုးတဲ့ အတွက်ကြောင့်မို့လို့ အိုင်စီအာစီအဖွဲ့ ပြန်လည်ဝင်ရောက်ဖို့၊ ပြီးတော့ ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ အဖွဲ့အစည်းအတွေလာရောက်ရန်အတွက် အဲဒီထောင်ကနေ နိုင်ငံရေးအကျဉ်းသားတဦးအနေနဲ့ဖိတ်ခေါ်တယ်ဆိုတာကို အားလုံးသိချင်တာပါ။ အဲဒါမှလည်း အဲဒီထောင်ရဲ့အခြေအနေကို စုံစုံစေ့စေ့ ပိုပြီးတော့ သိနိုင်မယ်လို့ သူ့အနေနဲ့မျှော်လင့်နေတယ် ခင်ဗျ"။

နိုင်ငံရေးအကျဉ်းသား ကိုနေဝင်းစိုးဟာ ဘိုကလေးမြို့နယ် အန်အယ်လ်ဒီပါတီ အဖွဲ့ဝင်တယောက်ဖြစ်ပြီး ၂၀၀၅ ခုနှစ်မှာ အကျဉ်းကျခဲ့တာဖြစ်ပါတယ်။

# တော်လှန်စစ်

**ခင်မမမျိုး**

နိဒါန်း

တော်လှန်စစ်တွေဟာ ပြည်တွင်းပဋိပက္ခတွေအပေါ်မှာ အဓိက အခြေခံပါတယ်။ လူမျိုးရေး တန်းတူညီမျှမှုမရှိတာတွေ၊ ဝါဒကွဲပြားမှု ညှိနှိုင်းလို့မရတာတွေနဲ့ အာဏာရှင်စနစ်ကျင့်သုံးမှုတွေကြောင့်တော် လှန်စစ်တွေဖြစ်ပွားလာရပါတယ်။ တော်လှန်ရေးတွေမှာ တူနီးရှား၊ အန်ဂိုလန်၊ ကွန်ဂို၊ ဗီယက်နမ်၊ အင်ဒိုနီးရှားဆိုပြီး၊ သက်ဆိုင်ရာ လူမျိုး အလိုက်၊ ဝါဒအလိုက်ကွဲပြားမှုတွေရှိပေမယ့်၊ မပြောင်းလဲတဲ့ မဟာ ဗျူဟာအခြေခံအချက်ကတော့ တော်လှန်စစ်ဆိုတာ သက်ဆိုင်ရာနိုင်ငံ မှာရှိတဲ့ အုပ်ချုပ်ရေးအာဏာကို စိန်ခေါ်ခြင်းဖြစ်ပါတယ်။ အုပ်ချုပ်သူ တွေက စစ်တပ်၊ ရဲနဲ့ နိုင်ငံတော်အုပ်ချုပ်ရေးယန္တရားကို ထိန်းချုပ်ထား တာဖြစ်တဲ့အတွက် တော်လှန်စစ်မှာ စစ်တပ်နဲ့ ရဲအဖွဲ့တွေနဲ့ရင်ဆိုင် တိုက်ခိုက်ရတာတွေရှိသလို၊ စစ်တပ်နဲ့ရဲအဖွဲ့ကိုတော်လှန်ရေးသမား တွေနဲ့ ပူးပေါင်းလာအောင် စည်းရုံးလှုံ့ဆော် ရတာတွေလဲရှိပါတယ်။ အာဏာရှင်တွေကြိုးကိုင်ထားတဲ့ နိုင်ငံတော်အုပ်ချုပ်ရေးယန္တရားကို ယိုင်လဲအောင် ပြုလုပ်ပြီး၊ တိုင်းပြည်အတွက် သင့်လျော်မယ့် အုပ်ချုပ် ရေးယန္တရားနဲ့ အစားထိုးနိုင်ရေးဟာ တော်လှန်စစ်ရဲ့အဆုံးသတ်ပန်း တိုင်ပဲ ဖြစ်ပါတယ်။

တော်လန်ရေး၊ အာဏာသိမ်းခြင်းနှင့် သူပုန်ထခြင်း

နိုင်ငံတနိုင်ငံရဲ့ အုပ်ချုပ်ရေးအာဏာကို ယာယီရည်မှန်းချက် ဖြင့်ဖြစ်စေ၊ ရေရှည်ရည်မှန်းချက်ဖြင့်ဖြစ်စေ ရယူရာမှာ နည်းလမ်းသုံး ခုရှိပါတယ်။ ပထမတခုကတော့ တော်လှန်ရေး (Revolution)နည်းလမ်း နဲ့ဖြစ်ပါတယ်။ တော်လှန်ရေးဆိုတာက ပေါက်ကွဲမှု အရှိန်ပြင်းပြင်းနဲ့ အုပ်ချုပ်ရေးအာဏာကို ပြည်သူလူထုက စိန်ခေါ်ခြင်းဖြစ်ပါတယ်။ တခါ တရံမှာ ရုတ်ခြည်းဖြစ်ပေါ်လာတတ်ပြီး အရှိန်အဟုန်လည်းပြင်းထန် တတ်ပါတယ်။ တော်လှန်ရေးတိုင်းဟာ ကြိုတင်ပြင်ဆင်ပြီးမှ စီမံချက် နဲ့ ပေါ်ထွက်လာမယ်ဆိုတော့ မသတ်မှတ်နိုင်ပါဘူး။ တခါတရံမှာဘယ် သူမှ မထင်မှတ်ထားတဲ့ အချိန်မှာလဲ ရုတ်ခြည်းထဖြစ်သွားတတ်ပါ တယ်။ တော်လှန်ရေးမပေါ်ပေါက်ခင်မှာ တော်လှန်ရေးပေါ်ပေါက်နိုင် သော အခြေအနေ (Revolutionary situation) ရှိနေတတ်ပေမယ့် တော်လှန်ရေးတရပ်ဟာ ဘယ်အချိန်မှာ၊ ဘယ်လိုအခြေအနေမျိုးနဲ့ ဖြစ်ပေါ်လာမယ်ဆိုတာကိုတော့ ဘယ်သူမှ သေချာတပ်အပ် မပြော နိုင်ကြပါဘူး။

၁၇၈၉ ခုနှစ် ပြင်သစ်တော်လှန်ရေး၊ ၁၉၁၁ ခုနှစ် တရုတ် တော်လှန်ရေး၊ ၁၉၁၇ ခုနှစ် ရုရှားတော်လှန်ရေးနဲ့ ၁၉၅၆ ခုနှစ် ဟန် ဂေရီ တော်လှန်ရေးတွေဟာ အရှိန်အဟုန်ပြင်းပြင်းနဲ့ လူထုက စတင် လိုက်တဲ့တော်လှန်ရေးတွေဖြစ်ပါတယ်။ တော်လှန်ရေးဆိုတာကို ခေါင်း ဆောင်က စတင်ရမယ်လို့ အချို့ကယူဆပြီး၊ ယခင်တော်လှန်ရေး အ ဆက်ဆက်ကခေါင်းဆောင်တွေကို တော်လှန်ရေးခေါ်ဖို့ တောင်း ဆိုတတ်ကြပါတယ်။ လူထုနဲ့တော်လှန်ရေး တသားတည်း ဆက်တိုက် ဖြစ်နေချိန်တွေမှာသာ ဒီလိုလုပ်ဆောင်လို့ ရနိုင်ပေမယ့်၊ လူထုနဲ့တော် လှန်ရေး ရေချိန်မညီချိန်တွေမှာ ဒီလိုတော်လှန်ရေး Timing ပေးမှုတွေ လုပ်ရင်တော်လှန်ရေး ကျုံ့သွားတတ်ပါတယ်။ နောက်ဆက်တွဲတော် လှန်ရေးတွေပြုတ်တောက်သွားတတ်ပါတယ်။

တော်လှန်ရေးရဲ့ အခြေခံသဘောတရားအရ လူထုတော်လှန် ရေးတွေစတင်လာချိန်မှာ တိုက်ပွဲထဲက ခေါင်းဆောင်တွေပေါ်ထွက်လာ လေ့ရှိပါတယ်။ ဒီခေါင်းဆောင်တွေဟာ ရှေ့ပိုင်းတော်လှန်ရေး အဆက် ဆက်က ခေါင်းဆောင်တွေလဲ ဖြစ်နိုင်သလို၊ ခေါင်းဆောင်သစ်တွေလဲ ဖြစ်နိုင်ပါတယ်။ မန်ချူးမျိုးဆက်ကို တော်လှန်ရေးနဲ့ အဆုံးသတ်ခဲ့စဉ် တုန်းကဒေါက်တာဆွန်ယက်ဆင်က အင်္ဂလန်မှာရှိနေခဲ့ပါတယ်။ Rom anovs ကျရှုံးချိန်တုန်းက လီနင်က ဆွစ်ဇာလန်မှာရှိနေခဲ့ပါတယ်။ ဒါကြောင့် ခေါင်းဆောင်မှုဆိုတာကို ပြည်တွင်းခေါင်းဆောင်၊ ပြည်ပ ရောက် ခေါင်းဆောင်၊ ဝါရင့်ခေါင်းဆောင်၊ဝါနု ခေါင်းဆောင် စသဖြင့်ကြို တင်ခွဲခြားသတ်မှတ်လို့မရနိုင်ပါဘူး။ ရုတ်ခြည်းပေါ်ထွက်လာတဲ့တော် လှန်ရေးတွေကခေါင်းဆောင်တွေကို ရွေးချယ်သတ်မှတ်သွားစမြဲပါ။

နိုင်ငံတော်အုပ်ချုပ်ရေးအာဏာကိုရယူတဲ့ ဒုတိယနည်းလမ်း ကတော့ အာဏာသိမ်းခြင်း (plot) ဖြစ်ပါတယ်။ နိုင်ငံကို အုပ်ချုပ်နေတဲ့ အစိုးရအဖွဲ့ ခေါင်းဆောင်များကိုပဲ ပစ်မှတ်ထားတာဖြစ်တဲ့အတွက် ဒီ နည်းလမ်းမှာ အများပြည်သူ ပါဝင်မှုမလိုအပ်ပါဘူး။ ကြိုတင်ပြင်ဆင်မှု တွေအများအပြားလိုအပ်ပေမယ့်၊ လက်တွေ့လှုပ်ရှားမှုမှာတော့ မြန် ဆန်တိကျဖို့လိုအပ်ပါတယ်။ အာဏာသိမ်းပွဲဟာ လောင်းကစားပွဲလို သဘောသဘာဝရှိတာကြောင့် အရှုံး၊ အနိုင်ကို တိတိကျကျခန့်မှန်းဖို့ခဲ ယဉ်းပါတယ်။ အာဏာသိမ်းမှုမှာ အာဏာရှင်စနစ် ယန္တရားအတွင်းက ခေါင်းဆောင်အချင်းချင်း အာဏာသိမ်းမှု၊ လုပ်ကြံသတ်ဖြတ်မှုတွေရှိ သလို၊ သူပုန်တွေက အစိုးရအဖွဲ့ခေါင်းဆောင်တွေကို လုပ်ကြံသတ် ဖြတ်ပြီး အာဏာသိမ်းမှုတွေလဲရှိနိုင်ပါတယ်။

နိုင်ငံတော်အုပ်ချုပ်ရေးအာဏာကို ရယူတဲ့ တတိယနည်းလမ်း ကတော့ သူပုန်ထခြင်း (insurgency) ဖြစ်ပါတယ်။ မတရားတဲ့အုပ်ချုပ် ရေးယန္တရားကို ဖြိုချနိုင်ဖို့ အဆုံးသတ်ပန်းတိုင် ချမှတ်ပြီး၊ ရည်မှန်းချက် အဆင့်ဆင့်နဲ့ လက်နက်ကိုင်ပြီးတော်လှန်ပုန်ကန်ရတာဖြစ်တဲ့အတွက် သူပုန်ထ တော်လှန်ခြင်းဟာ အချိန်အတိုင်းအတာ တခုအထိကြာတတ် ပါတယ်။ တရုတ်ပြည်မှာ (၁၉၂၇) ခုနှစ်ကနေ (၁၉၄၉) ခုနှစ်အထိ ၂၂ နှစ်ကြာခဲ့ပြီး၊ ဂရိမှာ ငါးနှစ်၊ အင်ဒိုချိုင်းနားမှာ ကိုးနှစ်၊ အယ်ဂျီးရီးယားမှာ ရှစ်နှစ်ခန့်ကြာခဲ့ပါတယ်။ သူပုန်ထခြင်းကတော့ တော်လှန်ရေးလို ရုတ် ခြည်း ပေါ်ထွက်လာတာမဟုတ်ပါဘူး။ ကနဦး ခေါင်းဆောင်တွေပေါ် ထွက်လာပြီးမှ လူထုက လှုပ်ရှားလာတာဖြစ်ပါတယ်။ လူထုက လှုပ် ရှားပြီးမှခေါင်းဆောင် ပေါ်ထွက်လာတာမဟုတ်ပါဘူး။ ဒါကြောင့်သူပုန် ထပြီး ပုန်ကန်တော်လှန်တဲ့အခါ ခေါင်းဆောင်တွေရဲ့အခန်းကဏ္ဍက အလွန်အရေးကြီးပါတယ်။

**ဆက်လက်ဖော်ပြပါမည်**

# ဂျွန်မက်ကိန်း နယ်စပ်ရှိ ဒီမိုကရက်တစ်အင်အားစုတွေနဲ့တွေ့ဆုံခဲ့

**RFA । မေ ၃၁ ။** ။ အမေရိကန်အထက်လွှတ်တော်အမတ် မစ္စတာဂျွန်မက်ကိန်းဟာ မြန်မာ့အရေးခရီးစဉ်အစိတ်အပိုင်းတရပ်အဖြစ် ဒီကနေ့ ထိုင်း-မြန်မာအခြေစိုက် ဒီမိုကရေစီအင်အားစု ခေါင်းဆောင်တွေနဲ့ တွေ့ဆုံဆွေးနွေးခဲ့တယ်လို့ သတင်းရရှိပါတယ်။

မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု FDB ရဲ့အတွင်းရေးမှူးချုပ် ဒေါက်တာနိုင်အောင်နဲ့ နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း AAPP တွဲဘက်အတွင်းရေးမှူးကိုဘိုကြည်တို့ကိုဆွေးနွေးခဲ့တာဖြစ်ပါတယ်။ မြန်မာ့အရေးကို အမြဲတမ်းစိတ်ဝင်စားနေတဲ့ မစ္စတာဂျွန်မက်ကိန်းအနေနဲ့ လက်ရှိမြန်မာနိုင်ငံရဲ့အခြေ အနေကိုကိုယ် တိုင်သိလိုတဲ့အတွက် အခုလိုတွေ့ဆုံတာလို့ ဒေါက်တာနိုင်အောင်က RFA ကို ပြောပါတယ်။

ဒ့ါအပြင် မြန်မာ့ဒီမိုကရေစီရေးအတွက် မြန်မာအစိုးရကို အရေးယူပိတ်ဆို့တဲ့နည်းရော ထိတွေ့ဆက်ဆံတဲ့နည်းပါ သုံးသင့်တဲ့အကြောင်း ပြောဆိုလိုက်တယ်လို့လည်း ဒေါက်တာနိုင်အောင်က ဆိုပါတယ်။

"ကျနော်မြင်တာကတော့ US က ဒီအစိုးရသစ်ရဲ့ သဘောထားတွေဘာတွေ ကိုယ်တိုင်သိအောင် ကြိုးစားတဲ့သဘောဘဲလို့ နားလည်တယ်။ နောက်ပြီးတော့ သူတို့ အမေရိကန်အစိုးရရဲ့ ပေါ်လစီကို သိအောင်ရှင်းတဲ့သဘောလို့နားလည်တယ်။ ကျနော်တို့ကတော့ ဒီအစိုးရတွေကိုပြောတဲ့အခါမှာ ဖိအားပေးတာရော ထိတွေ့ဆက်ဆံတာရော နှစ်ခုစလုံးသုံးသင့်တယ်လို့ ကျနော်တို့ယူဆပါတယ်။ လူ့အခွင့်အရေးချိုးဖောက်မှုတွေရှိနေလို့ နိုင်ငံရေးအကျဉ်း သားတွေရှိနေလို့ အကုန်လုံးပါဝင်တဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်တွေ မရှိနေလို့ ရင်းနှီးမြုပ်နှံမှုတွေ မလာတာကလည်း မြန်မာနိုင်ငံရဲ့ စီးပွါးရေးအခြေခံတွေမကောင်းလို့ဆိုတော့ အဲဒါတွေကို သူတို့ကိုထိတွေ့ပြီးမှရှင်းပြပြောပြ တိုက်တွန်း စည်းရုံးနေတာမျိုးက ကျနော်တို့ကကြိုဆိုပါတယ်။"

နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း AAPP တွဲဘက်အတွင်းရေးမှူးကိုဘိုကြည်ကတော့ အကျဉ်းထောင်ထဲက လက်ရှိအခြေအနေနဲ့ နိုင်ငံရေးအကျဉ်းသားတွေကိစ္စကို ပြောလိုက်တယ် လို့ ပြောပါတယ်။

"ကျနော်ကတော့ နိုင်ငံရေးအကျဉ်းသားတွေအကြောင်း အင်းစိန်ထောင်ထဲမှာ အစာငတ်ခံဆန္ဒပြနေတာ ကလေးထောင်တို့ ခန္တီးထောင်တို့မှာ အစာငတ်ခံဆန္ဒပြနေတဲ့အကြောင်းတွေ၊ နောက်ပြီးတော့ အကျဉ်းထောင်တွေထဲမှာ ဒီလူတွေကို စားရေးသောက်ရေးနဲ့ ကျန်းမာရေးအတွက် လုံလောက်တဲ့ထောက်ပံ့မှုတွေမရှိဘူး။

ICRC လို အပြည်ပြည်ဆိုင်ရာအဖွဲ့တွေကိုလည်း သူတို့ကလုပ်ပိုင်ခွင့်မပေးဘူး ဆိုတာတွေကို ကျနော်တို့တင်ပြတာတွေရှိတယ်။ နောက်တခုက အခုလက်ရှိ ဦးသိန်းစိန်အစိုးရအနေနဲ့ တကယ်တန်းအပြောင်းအလဲအတွက်ကိုလုပ်မယ်ဆိုလို့ရှိရင် ပထမဆုံးက နိုင်ငံရေးအကျဉ်းသားတွေကိုလွှတ်ဖို့လိုတယ်ဆိုတာကို ကျနော်တို့ ထပ်ပြီးပြောပြတာတွေရှိတယ်။

နောက် sanction ရုပ်သိမ်းဖို့ ဦးသိန်းစိန်အစိုးရကရော ပြည်တွင်းက အမတ်တွေရော ကြိုးစားနေကြတာတွေရှိတယ်။ အဲဒီလို ကြိုးစားတယ်ဆိုရင်လည်း ပထမဆုံးအဆင့်အနေနဲ့က လူ့အခွင့်အရေးချိုးဖောက်နေတာတွေကို ဦးသိန်းစိန်အစိုးရဘက်က ရပ်ပေးဖို့လိုတယ်။ နိုင်ငံရေးအကျဉ်းသားတွေလွှတ်ဖို့လိုတယ်ဆိုတာကို ကျနော်တို့ ပြောပြတာတွေရှိတယ်။"

မစ္စတာဂျွန်မက်ကိန်းဟာ မဲဆောက်မြို့က မယ်တော်ဆေးခန်းကိုလည်းသွားရောက်ပြီး လေ့လာခဲ့ပါတယ်။ မနက်ဖြန်မှာ မြန်မာနိုင်ငံကိုသွားရောက်ဖို့ စီစဉ်ထားပါတယ်။

အဲဒီခရီးစဉ်မှာ မြန်မာအစိုးရအဖွဲ့ဝင်တချို့နဲ့တွေ့ဆုံမှာ ဖြစ်သလို မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် NLD အဖွဲ့ချုပ်ခေါင်းဆောင်တွေ CRPP ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီဝင်တွေနဲ့လည်း တွေ့ဆုံမှာဖြစ်ပါတယ်။

ထိုင်း-မြန်မာ နယ်စပ်က လူမှုရေးနဲ့ကယ်ဆယ်ရေးလုပ်ငန်းတွေမှာ ကူညီပံ့ပိုးမှုတွေအမြောက်အများ လိုအပ်နေဆဲဘဲလို့ အမေရိကန်အထက်လွှတ်တော်အမတ် ဂျွန်မက်ကိန်းက ပြောဆိုလိုက်ပါတယ်။

---

# မြန်မာနိုင်ငံသား ၁၀၀ ကျော်ဖမ်းဆီးခံရ

**RFA । မေ ၂၉ ။** ။ မလေးရှားနိုင်ငံ နီဂါရီ ဆန်ဘီလန်ပြည်နယ်စရမ်ဘန်းမြို့က စားသောက်ဆိုင်တွေမှာ အလုပ်လုပ်ကိုင်နေတဲ့ မြန်မာနိုင်ငံသား ၃၅ ဦးလောက်ကို မေလ ၂၈ ရက်နေ့မှာ မလေးရှားလူဝင်မှုကြီးကြပ်ရေးနဲ့ အရပ်ဝတ် ပြည်သူ့စစ် RELA အဖွဲ့တွေက လာရောက်ဖမ်းဆီးသွားတယ်လို့ သိရပါတယ်။

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ရဲလာခေါ် အရပ်သားလုံခြုံရေးတပ်ဖွဲ့ဝင်များက ညသန်းခေါင်ကျော် စစ်ဆင်ရေးဖြင့် တရားမဝင်နိုင်ငံခြား အလုပ်သမားများကို ဖမ်းဆီးထားဖြစ်ပါတယ်၊ဖမ်းဆီးခံရတဲ့အထဲမှာ အမျိုးသား ၁၄ ဦး၊ အမျိုးသမီး ၁၆ ဦးပါဝင်ပြီးအရေအတွက်အတိအကျမသိနိုင်တဲ့ ကလေးသူငယ်တွေလည်း ပါဝင်တယ်လို့ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ အခြေစိုက် NLD- LA မလေးရှားအလုပ်သမားရေးရာတာဝန်ခံကိုဉာဏ်လင်းက ပြောပါ တယ်။

"ကျနော်တို့အဖွဲ့ဝင် ကိုအယ်လ်စိုင်းအောင်နဲ့ ရင်းနှီးတဲ့ မိန်းကလေးတယောက်က ဖုန်းနဲ့ လှမ်းအကြောင်းကြားတာပါ။ ကိုစိုင်းအောင်အပါအဝင် ၃၅ ယောက်လောက်နဲ့ ကလေးတွေကို ရဲအချုပ်ကားနဲ့ တနေရာကို ခေါ်သွားတယ်တဲ့"

အလားတူ မနေ့က ည ၈ နာရီခွဲလောက်မှာ စီလန်ခေါ်ပြည်နယ် ပူချွန်းမြို့က မြန်မာစားသောက်ဆိုင်တွေနဲ့ မြန်မာပစ္စည်းအရောင်းဆိုင်တွေကို မလေးရှားအာဏာပိုင်တွေက စီးနင်းပြီး ဖမ်းဆီးခဲ့ရာမှာ မြန်မာနိုင်ငံသား ၁ ရာလောက် အဖမ်းဆီးခံရတယ်လို့ ကိုဉာဏ်လင်းကပြောပါတယ်။ မလေးရှားနိုင်ငံရောက် တရားမဝင် နိုင်ငံခြားသားတွေထဲမှာ မြန်မာနိုင်ငံသားတွေလည်းပါဝင်ပြီး အများစုဟာ ဒုက္ခသည်အဖြစ် နိုင်ငံရေးခိုလှုံခွင့် လျှောက်ထားနေထိုင်ကြတဲ့ တိုင်းရင်းသားတွေ ဖြစ်ပါတယ်။ မလေးရှားအစိုးရရဲ့ တရားဝင်စာရင်းတွေအရ မလေးရှားမှာ မြန်မာဒုက္ခသည် ၈ သောင်းကျော်ရှိတယ်လို့ သိရပါတယ်။

# နျူးကလီးယားအစီအစဉ်ကို ရပ်ဆိုင်းထားဟု ဒုသမတဦးတင်အောင်မြင့်ပြော

**Mizzima ၊ ဂျွန် ၃ ။ ။** နိုင်ငံတကာက သံသယဖြစ်လာမှာစိုးသဖြင့် နျူကလီးယားအစီအစဉ်ကို ရပ်ဆိုင်းထားကြောင်း မြန်မာအစိုးရ ဒုသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦးက အမေရိကန်အထက်လွှတ်တော်အမတ် ဂျွန်မက်ကိန်းကို ပြောဆိုခဲ့ကြောင်း သောကြာနေ့ထုတ် အစိုးရပိုင် မြန်မာ့အလင်း သတင်းစာတွင် ဖော်ပြသည်။

မစ္စတာဂျွန်မက်ကိန်းနှင့်အဖွဲ့အားကြာသပတေးနေ့ခင်းပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံရာတွင် သီဟသူရဦးတင်အောင်မြင့်ဦးက အဲလိုပြောဆိုခြင်းဖြစ်သည်။

"ရုရှားနိုင်ငံ၏အကူအညီဖြင့် နျူကလီးယားသုတေသနလုပ်ငန်း ဆောင်ရွက်ရန် စီမံခဲ့ပါကြောင်း၊ ခေတ်နောက်ကျ မကျန်ရအောင် နျူကလီးယားနှင့်ပတ်သက်၍အခြေခံသဘော နားလည်စေရန်နှင့် ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများတွင် ဆက်စပ်ဆောင်ရွက်ရန် ရည်ရွယ်ခဲ့ပါကြောင်း၊ နျူကလီးယားလက်နက်ထုတ်လုပ်ရန် စဉ်းစားနိုင်မှုမရှိခဲ့သည့်အပြင် စီးပွားရေးအခြေအနေအရလည်း စဉ်းစားနိုင်ရန်မရှိပါ ကြောင်း၊ သို့ရာတွင် နျူကလီးယားကိစ္စအပေါ် နိုင်ငံတကာအမြင်တွင် တမျိုးတမည်ဖြစ်လာသည့်အတွက် ယင်းအစီအစဉ်ကိုပင် ရပ်ဆိုင်းထားပြီးဖြစ်ပါကြောင်း" ဟူသော ဒုသမ္မတပြောဆိုချက်ကို သတင်းစာကရေးသားထားသည်။

ထို့အပြင် ကမ္ဘာ့မိသားစုဝင် နိုင်ငံတနိုင်ငံဖြစ်သည့် မြောက်ကိုရီးယားနှင့်လည်း ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံခဲ့ကြောင်း၊ သို့သော်ကုလသမဂ္ဂ၏ ဆုံးဖြတ်ချက် အမှတ် ၁၇၁၈ နှင့် ၁၈၇၄ ပါ ပြဋ္ဌာန်းချက်များ ထုတ်ပြန်ပြီးနောက် ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံတနိုင်ငံပီသစွာ အဆိုပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်လျက်ရှိသည်ဟုလည်း ပါရှိသည်။

ဂျွန်မက်ကိန်းဘက်ကလည်း အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကောင်စီ၏စာရင်းအရ မြန်မာနိုင်ငံတွင် နိုင်ငံရေးအကျဉ်းသားနှစ်ထောင်ရှိသည်ဟုကြားသိရကြောင်းနှင့်ယင်းကိစ္စနှင့်စပ်လျဉ်း၍အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီကို ရန်ကုန်သို့လာရောက်လေ့လာခွင့်ပြုစေလိုကြောင်း ပြောခဲ့သည်။

ထိုသို့သော ပြောဆိုချက်အပေါ် မြန်မာဒုသမ္မတက မြန်မာနိုင်ငံတွင် နိုင်ငံရေးအကျဉ်းသားများမရှိပါကြောင်း၊ ကြက်ခြေနီအဖွဲ့အစည်းများကိုလည်း ယခင်က လက်ခံစီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း၊ သို့သော်ဂင်းတို့အနေဖြင့် လုပ်ပိုင်ခွင့်အတိုင်းအတာထက်ကျော်လွန်ဆောင်ရွက်ခဲ့သည်များရှိခဲ့သည့်အတွက် ထပ်မံခွင့်မပြုတော့ခြင်း ဖြစ်ပါကြောင်း၊ သို့သော် အဆွေတော်အနေဖြင့် အလေးအနက်ထား၍ဆွေးနွေးခဲ့သဖြင့် အဆင်ပြေသည့်အချိန်တွင် စဉ်းစားဆွေးနွေးဆောင်ရွက်ပေးမည်ဟု တုံ့ပြန်ပြောဆိုခဲ့သည်။

ထို့နောက် မစ္စတာမက်ကိန်းက သတင်းစာများဖော်ပြချက်များအရ ဒေါ်အောင်ဆန်းစုကြည်သည် ဇွန်လအတွင်း ရန်ကုန်နယ်နိမိတ်ပြင်ပဒေသများသို့ စည်းရုံးရေးခရီး သွားရောက်မည်ဟုသိရှိပါကြောင်းနှင့် ဒေါ်အောင်ဆန်းစုကြည်အားသွားရောက်ခွင့်ပြုလိမ့်မည်ဟု ယူဆပါကြောင်း သဘောထားပေးခဲ့သည်။

ထိုပြောဆိုချက်နှင့် ပတ်သက်၍ တိတိကျကျ ဖြေဆိုခြင်းမရှိဘဲ ဒေါ်အောင်ဆန်းစုကြည်အား သာမန်အရပ်သားတဦးအဖြစ် သဘောထားပါကြောင်း၊ ဥပဒေနှင့် အညီ သွားလာလှုပ်ရှား ဆောင်ရွက်မှုများကို ကန့်သတ်ရန်မရှိပါကြောင်း၊ သို့သော်လည်း နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်တရားဥပဒေ စိုးမိုးရေးကိုမူ အလေးထားစောင့်ထိန်းရန်လိုအပ်ကြောင်း၊ သီဟသူရ ဦးတင်အောင်မြင့်ဦးက ပြန်လည်ဖြေသည်။

---

## အမေ့အိမ်စာသင်ကျောင်း ဖယ်ရှားခိုင်းခံရ

**DVB ၊ ဂျွန်လ ၁ ။ ။** ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ်မှာရှိတဲ့ အမေ့အိမ် အခမဲ့ ပညာဒါနကျောင်းကို ဒေသခံ အာဏာပိုင်အဖွဲ့အစည်းက ဖိအားပေးတာကြောင့် အိမ်ရှင်ဖြစ်သူက သူ့အိမ်ကနေ ချက်ချင်းပြောင်းရွှေ့ပေးဖို့နဲ့ မပြောင်းနိုင်ရင်စာမသင်ဖို့ ပြောဆို ဖိအားပေးနေပါတယ်။

အမေ့အိမ်ကျောင်းကို ၂၀၀၇ ခုနှစ်ကတည်းက လူငယ်တစုက ဦးစီးပြီး "ကရုဏာလက်"လို့ အမည်ရတဲ့ အဖွဲ့က ဦးဆောင်တည်ထောင်ခဲ့တာဖြစ်ပါတယ်။ မေလ ၃၀ ရက်နေ့ ညက အိမ်ရှင်နဲ့ စစ်ဘက်ရေးရာ အထူးလုံခြုံရေးအဖွဲ့ (စအဖ) တို့ ပေါင်းပြီး ကျောင်းနေရာဖယ်ပေးဖို့ လာရောက်ဖိအားပေးတာလို့ ကျောင်းရဲ့ သင်တန်းဖြစ်မြောက်ရေးတာဝန်ခံ မသီတာက ပြောပါတယ်။ စအဖက အိမ်ကို ဖမ်းဝရမ်းထုတ်မယ်ဆိုပြီး ပြောဆိုတဲ့အတွက် အိမ်ရှင်က သူ့အကျိုးစီးပွားထိခိုက်မခံနိုင်လို့ အခုလို ပြောင်းရွှေ့ပေးဖို့ ပြောတာဖြစ်နိုင်တယ်လို့ မသီတာက ဆိုပါတယ်။ အိမ်ရှင်နဲ့ ကျောင်းကိစ္စ အချေအတင်ဖြစ်ခဲ့ပုံကို မသီတာက အခုလို ပြောပါတယ်။

"ခင်ဗျားတို့ကို အိမ်ရှာခိုင်းထားတာ ဘာလို့ အခုထိမဆင်းသေးတာလဲဆိုပြီးလာပြောတယ်။ အိမ်က တရက်နှစ်ရက်အတွင်းက ဘယ်လိုလုပ်ရှာမလဲလို့ ကျမလည်း ပြန်ပြောလိုက်တယ်။ သူမကျေနပ်ရင် တလကြိုပြော၊ ကိုယ်မကျေနပ်ရင် တလကြိုပြော အဲလိုမျိုးပြောထားတာပဲ။ ကျမတို့ တလအတွင်းရှာပေးမှာပေ့ါ။ တလအတွင်းရရင် အစ်ကိုတို့ကျေနပ်ပေ့ါ။ မဟုတ်ဘူးဗျာတဲ့။ကျနော်တလအတွင်းကိုမစောင့်နိုင်ဘူး၊ ခင်ဗျားတို့အခုချက်ချင်းပြောင်းဆိုပြီး ပြောတယ်"။

အမေ့အိမ် အခမဲ့ပညာန ကျောင်းမှာ လက်ရှိ ကလေးငယ် ၃၃ ဦးပညာသင်ယူနေပြီး ရွှေ့ပြောင်းဖို့ နေရာအခက်အခဲရှိနေသလို ကလေးငယ်တွေကျောင်းပညာအတွက် အခက်ဖြစ်ရပုံကို မသီတာကို အလိုပြောပါတယ်။

"မနက်ဖြန်ဆို ကျမသမီးတွေက ကျောင်းတက်ရတော့မယ်။ ဘယ်အိမ်မှာနေပြီးတော့ ဘယ်လိုတက်ရမယ်၊ ဘယ်ကိုသွားရမှန်းတောင် ကျမတို့က မသိဘူးဖြစ်နေတယ်။ အိမ်ရှာနေရတာနဲ့တင် ကျမတို့မှာ ဒီကလေးတွေနဲ့ အတော်အခက်အခဲတွေ့နေရတယ်။ အမေ့အိမ်စာသင် ကျောင်းဟာ ၂၀၀၈ ခုနှစ်နာဂစ်မုန်တိုင်းမှာ ကျောင်းပြို သွားတဲ့အတွက် ယာယီပြန်ဆောက်လုပ်ပြီးဆက်လက်သင်ကြားပေးခဲ့ပါတယ်။ အခု ၂၀၁၁ ပညာသင်နှစ်မှာတော့ ကျောင်းသားဦးရေများလာတဲ့အတွက် ကလေးတွေ အဆင်ပြေပြေသင်နိုင်ရေးအတွက်စာသင်ဆောင် တိုးချဲ့ဆောက်လုပ်ဖို့စီစဉ်နေပါတယ်"။

ဒီအ ကျောင်းမှာ မူလတန်းနဲ့အလယ်တန်း ကျောင်းသူကျောင်းသားတွေကို အခမဲ့ အင်္ဂလိပ် စာသင်ကြားပေးတာတွေ၊ အာဟာရတိုက်ကျွေးတာတွေနဲ့ ကျန်းမာရေးစောင့်ရှောက်မှု ပေးတာတွေ ပြုလုပ်နေတာဖြစ်ပါတယ်။ အာဏာပိုင်တွေက အခုလလယ်ပိုင်းလောက်ကတည်းက အဲဒီကျောင်းကို ဖယ်ရှားဖို့ ဖိအားပေးခဲ့တာဖြစ်ပြီး ကျောင်းတာဝန်ရှိသူတွေက ပြောင်းရွှေ့ဖို့နေရာ မရဘဲ အခုလို အခက်ကြုံနေတာဖြစ်ပါတယ်။

# ကြားဖြတ်ရွေးကောက်ပွဲအတွက် စိုးရိမ်ရမည့် အခြေအနေရှိဟု အန်ဒီအက်ဖ်က ဆို

**DVB ၊ မေလ ၂၉ ။ ။** ရွေးကောက်ပွဲအနိုင်ရ လွှတ်တော်ကိုယ်စားလှယ်တွေထဲက ပြည်ထောင်စုအစိုးရအဖွဲ့ဝင်တွေနဲ့ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်တွေအဖြစ် တာဝန်ထမ်းဆောင်သွားကြရတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေရဲ့လစ်လပ်နေရာတွေအတွက် ဖြည့်ဆည်းဖို့ မကြာခင်မှာ ကျင်းပလာမယ့်ကြားဖြတ်ရွေးကောက်ပွဲအတွက် စိုးရိမ်ပူပန်မိတယ်လို့ အမျိုးသားဒီမိုကရေစီအင်အားစု အန်ဒီအက်ဖ်ပါတီခေါင်းဆောင် ဦးခင်မောင်ဆွေက ပြောကြားလိုက်ပါတယ်။

အာဏာရကြံ့ခိုင်ရေးပါတီဝင်တွေနဲ့ ပါတီဝင်ဟောင်းတွေပဲ ကျေးရွာ၊ ရပ်ကွက်နဲ့ မြို့နယ်အုပ်ချုပ်ရေးမှူးတာဝန်တွေကို ပြန်လည်ထမ်းဆောင်နေကြတာကြောင့် ပြီးခဲ့တဲ့ ရွေးကောက်ပွဲတုန်းကလို အာဏာရပါတီရဲ့မဲအောင်နိုင်ရေး အတွက် လုပ်ဆောင်ပေးနိုင်မယ့်အခြေအနေတွေ ရှိနေတဲ့အပေါ် ဦးခင်မောင်ဆွေက ပြောကြားလိုက်တာလဲဖြစ်ပါတယ်။

"အခုကြားဖြတ်ရွေးကောက်ပွဲပုံစံတွေက နိုဝင်ဘာ ၇ ရက်နေ့ကလို မဟုတ်ဘဲနဲ့ ပိုပြီးတော့ တိတိကျကျ အာဏာပိုင်အဖွဲ့အစည်းတွေကမှန်ကန်ဖို့လိုပါတယ်။ ကော်မရှင်က ဘယ်လိုပဲ စည်းမျဉ်းချထားချထား ကျေးရွာကောင်စီက အာဏာပိုင်အဖွဲ့အစည်းအဆင့်ဆင့်က မှန်မှန်လုပ်မယ်ဆိုရင်တော့ကျနော်တို့ နိုင်ခြေတွေတော့ရှိပါတယ်။ ဟိုးအရင်တုန်းကလို အချိန်နီးတော့မှကြို တင်မဲဆိုပြီး ရောက်လာတာမျိုးတွေမဖြစ်အောင် ကြိုးစားအားထုတ်ဖို့တော့လိုပါတယ်။ အခုမှာလည်း ဘာဖြစ်နေလဲဆိုတော့ ရပ်ကွက်တွေမှာရှိနေတဲ့ ပြန်ပြီးတော့ တာဝန်ယူနေတဲ့ ပုဂ္ဂိုလ်တွေက ယခင်ပုဂ္ဂိုလ်တွေများတယ်လို့ အသံတွေကထွက်နေတော့ ကြားဖြတ်ရွေးကောက် ပွဲမှာလည်း စိုးရိမ်စရာ အခြေအနေရှိနေတယ်လို့ ကျနော်တို့တွေးရမှာ ဖြစ်ပါတယ်"။

ဒီလ ၂၈ ရက်နေ့က အမျိုးသားဒီမိုကရေစီအင်အားစုပါတီရဲ့ ပါတီထူထောင်ခြင်းတနှစ်ပြည့်၊ ဗဟိုဦးစီးအဖွဲ့အစည်းအဝေးအပြီး ကြားဖြတ်ရွေးကောက်ပွဲဝင်ရောက်မယ့် အခြေအနေနဲ့ပတ်သက်ပြီး ဦးခင်မောင်ဆွေက ပြောကြားလိုက်တာလဲဖြစ်ပါတယ်၊ ဒ့ါအပြင် ဒီမိုကရေစီမိတ်ဆွေပါတီတွေအနေနဲ့ ကြားဖြတ်ရွေးကောက်ပွဲတွေကို စုပေါင်းပြီး ဖြတ်သန်းမယ့် ပုံစံတွေကိုလည်ဦးခင်မောင်ဆွေက အခုလို အကြံပြု ပြောဆိုပါတယ်။

"ညှိနှိုင်းရမယ့် အပိုင်းတွေရှိတယ်ဗျ။ ဒီမိုကရေစီအင်အားစုကြားမှာ မဲမပြားအောင် စီမံချက်ရှိရှိနဲ့ ပါတီတွေရဲ့ထောက်ခံမှုရှိတဲ့ နယ်တွေမှာ ကိုယ့်ပါတီကို ထောက်ခံမှုမရှိဘဲ ဇွတ်ဝင်တာမျိုးကလည်း မသင့်တော်ဘူးပေါ့ဗျာ။ သူများပါတီ ထောက်ခံမှုရှိတဲ့နေရာမှာ ကျနော်တို့ပါတီက ဇွတ်သွားပြီးတော့ ငါပေးပါဆိုတာမျိုး မလုပ်သင့်ဘူး။ ပြည်သူတွေကို ဒီမိုကရေစီအင်အားစုတွေလွှတ်တော်ထဲရောက်ဖို့သာလျှင်အဓိက။ သူ့ပါတီကိုယ့်ပါတီရောက်ဖို့ကအဓိကမဟုတ်ဘူးဆိုတဲ့အခြေခံအပေါ်မှာစဉ်းစားမယ်ဆိုရင်အဲလိုစဉ်းစားဖို့အကြောင်းရှိပါတယ်"။

လက်ရှိ အခြေအနေမှာ လွှတ်တော်သုံးရပ်လုံးမှာ လစ်လပ်သွားတဲ့လွှတ်တော်ကိုယ်စားလှယ် ၄၀ နီးပါးရှိပြီး အဲဒီနေရာတွေကိုတော့ ရွေးကောက်ပွဲကျင်းပရေးကော်မရှင်ကတော့ တိတိကျကျစာရင်းထုတ်ပြန်တာမျိုးမရှိသေးပါဘူး။ ကြား ဖြတ်ရွေးကောက်ပွဲတွေကို ၂၀၁၁ ခုနှစ် အောက်တိုဘာလ၊ နိုဝင်ဘာလတွေလောက်မှာကျင်းပနိုင်လိမ့်မယ်လို့ ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌဟောင်း ဦးသိန်းစိုးက ပြီးခဲ့တဲ့ပြည်သူ့လွှတ်တော်အစည်းအဝေးတွေမှာပြောခဲ့ပါတယ်။

Voice of Burma

**APTO 502**
**7-18-1 Takinogawa**
**Kita Ku, Tokyo**
**Japan. 114 - 0023**

**Tel/Fax: 81 3-3949-3919**
**E-mail: sayarkway@yahoo.com**
**koko@gol.com**

၁၉၉၅ ခု အောက်တိုဘာလ မှ စတင်၍ အပတ်စဉ်ထုတ်ဝေသည်